ရူပိယဝါဒဝိနိစ္ဆယ

ဒုပ္ပဋိပန္နော ဟိ သာသနံ ဘိန္ဒန္တော သတ္ထု ဓမ္မသရီရေ ပဟာရံ ဒေတိ နာမ။ **(ဥဒါန၊ဌ။ ၈၇။)**

မကောင်းသဖြင့် ကျင့်သောသူသည် သာသနာတော်ကို ဖျက်ဆီးလျက် မြတ်စွာဘုရား၏
လောကုတ္တရာတရားကိုးပါးတည်းဟူသောဓမ္မကာယ၌
ပုတ်ခတ်ခြင်းကို ပေးသည်မည်၏။ (ဥဒါန်းအဋ္ဌကထာနိသျ ပဌမတွဲ၊ စာ ၂၃၉။)

ပုန စပရံ, ဥပါလိ, ဘိက္ခု အဝိနယံ ဝိနယောတိ ဒီပေတိ... ဝိနယံ အဝိနယောတိ ဒီပေတိ... "အယံ ဓမ္မော, အယံ ဝိနယော, ဣဒံ သတ္ထုသာသနံ, ဣမံ ဂဏှထ, ဣမံ ရောစေထာ"တိ။ အယမ္ပိ ခေါ, ဥပါလိ, သံဃဘေဒကော အာပါယိကော, နေရယိကော, ကပ္ပဋ္ဌော, အတေကိစ္ဆော"တိ။ **(ဝိ၊၄၊၃၇၀။)**

ဥပါလိ နောက်တစ်မျိုးကား ရဟန်းသည် တရားကို ဝိနည်း မဟုတ်သည်ကို ဝိနည်း ဟု ပြ၏။ ဝိနည်းကို ဝိနည်း မဟုတ် ဟု ပြ၏ ... "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတည်း၊ ဤအဆုံးအမကို ယူကုန်လော့၊ ဤအဆုံးအမကို နှစ်သက်ကုန်လော့"ဟု ပြောကြား၍ စာရေးတံမဲကို ယူစေ၏။ ဥပါလိ ဤသံဃာ သင်းခွဲသော ရဟန်းသည်လည်း အပါယ်ကျအံ့သောသူ ငရဲ ကျအံ့သောသူ အာယုကပ် ပတ်လုံး တည်အံ့သော သူ ကုစား၍ မရနိုင်သော သူဖြစ်၏ ဟု (မိန့်တော်မူ၏)။ (ဝိနည်းပိဋကစူဠဝဂ်ပါဠိတော် မြန်မာပြန်၊ PDF စာ ၄၁၃။)

"တယော မေ ဘိက္ခဝေ ဓမ္မေ အပ္ပဟာယ အဘဗ္ဗော အသဒ္ဓိယံ ပဟာတုံ၊ အဝဒညုတံ ပဟာတုံ၊ ကောသဇ္ဇံ ပဟာတုံ။ ကတမေ တယော - အနာဒရိယံ အပ္ပဟာယ၊ ဒေါဝစဿတံ အပ္ပဟာယ၊ ပါပမိတ္တတံ အပ္ပဟာယ။ ဣမေ ခေါ ဘိက္ခဝေ တယော ဓမ္မေ အပ္ပဟာယ အဘဗ္ဗော အသဒ္ဓိယံ ပဟာတုံ၊ အဝဒညုတံ ပဟာတုံ၊ ကောသဇ္ဇံ ပဟာတုံ။" **(အံ၊၃၊၃၇၂။)**

"ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ဘဲ မယုံကြည်မှုကို ပယ်ရန် ပြောဆိုသည်ကို မသိမှုကို ပယ်ရန် ပျင်းရိမှုကို ပယ်ရန် မထိုက်။ အဘယ်သုံးမျိုးတို့နည်းဟူမူ - မရိုသေမှု၊ ဆိုဆုံးမခက်မှု၊ မိတ်ဆွေ ယုတ်ရှိမှုတို့တည်း။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို မပယ်ဘဲ မယုံကြည်မှုကို ပယ်ရန် ပြောဆိုသည်ကို မသိမှုကို ပယ်ရန် ပျင်းရိမှုကို ပယ်ရန် မထိုက်။"
(အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် ဒသကနိပါတ်၊ PDF စာ ၁၂၀။)

တတြ တုမှေဟိ ဘူတံ ဘူတတော ပဋိဇာနိတဗ္ဗံ - "ဣတိပေတံ ဘူတံ, ဣတိပေတံ တစ္ဆံ, အတ္ထိ စေတံ အမှေသု, သံဝိဇ္ဇတိ စ ပနေတံ အမှေသူ"တိ။ **(ဒီ။၁၊၃။)**

"ဤစကားသည် ဤအကြောင်းကြောင့်လည်း ဟုတ်ပေ၏၊ ဤအကြောင်းကြောင့်လည်း မှန်ပေ၏၊ စင်စစ်အားဖြင့် ဤဂုဏ်သည် ငါတို့၌ ထင်ရှားရှိပေ၏"ဟု ဟုတ်မှန်သည်ကို ဟုတ်မှန်သည့်အတိုင်း သင်တို့ ဝန်ခံရမည်။"
(ဒီဃနိကာယ် သီလက္ခန်ပါဠိတော် မြန်မာပြန်၊ PDF စာ ၁၁။)

နိဒါန်း

လှူထားတဲ့ ပိုက်ဆံကို မိမိပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ပြီး လက်နဲ့ လက်ခံတယ်ဆိုရင် နိဿဂ္ဂိယပါစိတ္တိယအာပတ် သင့်ပါတယ်။ ပါစိတ်အာပတ်ပဲလို့ လုပ်ရင် ထေရဝါဒ ဗုဒ္ဓဓမ္မ မဟုတ်တော့ပါဘူး။

"ယော ပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ
ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။" **(ဝိ၊၁၊၃၄၅။)**

နိဿဂ္ဂိယပါစိတ်အာပတ်ဟာ ဒေသနာကြားရုံနဲ့ မသန့်ရှင်းပါဘူး။ မြတ်စွာဘုရားက ရူပိယသိက္ခာပုဒ်မှာ မိန့်တော်မူတဲ့အတိုင်း သံဃာ အစုအဖွဲ့ဟာ စုသွားပြီး သံဃာအလယ်မှာ ပိုက်ဆံကို စွန့်လွှတ်ရပါတယ်။ သံဃာအတွက်လည်း မစွန့်ပါဘူး၊ တခြား ပုဂ္ဂိုလ်အတွက် မစွန့်ပါဘူး။ လက်ခံမယ့်ပုဂ္ဂိုလ်မရွေးထားပဲ အပြီးထိ စွန့်လွှတ်ရပါတယ်။ ပြီးရင်ပဲ ဒေသနာကြားတာ အကျိုး ရှိပါတယ်။ ပြီးရင် ပိုက်ဆံကို ကျောင်းအပြင်မှာ လှည့်မကြည့်ဘဲ ပစ်ချရပါတယ်။ **(ဝိ၊၁၊၃၄၅။)** ပိုက်ဆံကို မိမိပိုင်ဆိုင်မှုအဖြစ် လက်ခံတဲ့ ရဟန်းဟာ ပိုက်ဆံကို အပြီး မစွန့်လွှတ်ပဲ "ဒေသနာကြားရုံနဲ့ အဆင်ပြေတယ်"ဆိုတာကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စာပေမှာ မတွေ့ပါဘူး။

ကုသိုလ်ဆိုရင် သာစုခေါ်ရင်တောင် ကုသိုလ် ဖြစ်ပါတယ် - ပတ္တာနုမောဒနာ ကုသိုလ်။ အကုသိုလ်ကို အားပေးရင် အကုသိုလ် ဖြစ်တယ်ဆိုရင် ဝိနည်းကျူးလွန်ခြင်းကို အားပေးရင်လည်း အကုသိုလ် ဖြစ်မလားလို့ မေးစရာ ပေါ်လာပါတယ်။ ပေဋကောပဒေသပါဠိမှ နားလည်သဘောပေါက်ရတဲ့အတိုင်း ရဟန်းတော်ရဲ့ ဝိနည်းသိက္ခာပုဒ်ကို ကျူးလွန်ခြင်းမှာ ရဟန်းတော်ရဲ့ လက်ထဲမှာ ပိုက်ဆံကပ်ခြင်းဖြင့် အားပေးရင် အကုသိုလ် ဖြစ်ပါသည် -

"ယော စ အကပ္ပိယဿ ပရိဘောဂေန သီလဝန္တေသု ဒေတိ, န တဿ ပုညံ ပဝဍ္ဎတီတိ သော စေတံ ဒါနံ
အကုသလေန ဒေတိ။" **(ပေဋကောပဒေသ ၃၂၅။)**

"အကြင်သူသည်လည်း မအပ်သောပစ္စည်းကို သုံးဆောင်သဖြင့် သီလရှိသောသူတို့၌ လှူ၏။ ထိုသူအား ကောင်းမှုသည် မတိုးပွား၊ ဤသို့ ထိုသူသည်လည်း ထိုအလှူကို အကုသိုလ်စိတ်ဖြင့် ပေးလှူ၏။"
(ပေဋကောပဒေသပါဠိတော်နိဿယ၊ စာချနက်မိုးထိမူ။ စာ ၃၈၁၊ PDF စာ ၃၈၃။)

ရဟန်းတော်ကို ပိုက်ဆံကပ်ရင် အကုသိုလ် ဖြစ်ပါတယ်။ ကုသိုလ်အနေနဲ့ ပိုက်ဆံ လှူချင်တယ်ဆိုရင် ရဟန်းတော်ရှေ့မှာ "နဝကမ္မအတွက် (တန်ဖိုး) လှူဒါန်းပါသည် ဘုရား။" ဆိုပြီးရင် ကပ္ပိယဆီမှာ အပ်ထားရပါတယ်။ ကပ္ပိယမရှိရင် ရဟန်းတော်ဆီမှ ကပ္ပိယ/ရှင်းနီးတဲ့ ဒကာ၊ ဒကာမ ဖုန်းနံပါတ် ရပြီး သူတို့ကို ကပ္ပိယအဖြစ် ရဟန်းတော်ဆီမှာ လျှောက်ထားပြီး သူတို့ဆီမှာပဲ ရဟန်းတော်ရဲ့ နဝကမ္မ (အမှုသစ်) အတွက် ပိုက်ဆံ လှူလို့ ရပါတယ်လို့ ဝိနည်း ရာဇသိက္ခာပုဒ်မှာ ခွင့်ပြုထားပါတယ်။ **(ဝိ၊၁၊၃၂၅။)**

ရဟန်းများ၊ မြတ်စွာဘုရားရဲ့ သားတော်များ ပိုက်ဆံ အလှူမခံပါဘူး။ (နပ္ပဋိဂ္ဂဏှန္တိ သမဏာ သကျပုတ္တိယာ ဇာတရူပရဇတံ၊ **သံ၊၂၊၅၀၉။**) "အရှင်ဘုရားကို နဝကမ္မ လှူဒါန်းပါသည်"ဆိုရင် ရဟန်းတော်က "ရဟန်းများ နဝကမ္မ လက်မခံပါဘူး"လို့ပဲ ဖြေရပါတယ်။ ရဟန်းတော်ကို လှူထားတဲ့ ပိုက်ဆံကို ရဟန်းတော်ဆီမှာဖြစ်စေ၊ သူ့ကပ္ပိယဆီမှာဖြစ်စေ အပ်ထားရင် (ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ၊ **ဝိ၊၁၊၃၄၅)** အပ်စပ်တဲ့ အသုံးအဆောင် မဟုတ်တဲ့အတွက် အဲ့လိုမျိုး အလှူဟာ အကုသိုလ် ဖြစ်ပါတယ်။ **(ပေဠကောပဒေသ ၃၂၅။)**

"နဝကမ္မ (အမှုသစ်) အတွက်" လို့ လျှောက်ထားရင်ပဲ ကပ္ပိယဆီမှာ အပ်ထားရင် ပိုက်ဆံ အလှူမှ မရေမတွက်နိုင်အောင် ကုသိုလ် အကြီးကြီး ရပါတယ်။ (အဲ့လို အပ်ထားဖို့ မြတ်စွာဘုရားက ရာဇသိက္ခာပုဒ်မှာ ခွင့်ပြုထားပါတယ်၊ **ဝိ၊၁၊၃၂၅။**)

ရဟန်းတော်မှာ ကပ္ပိယ မရှိဘူးဆိုရင်၊ ရင်းနှီးတဲ့ ဒကာ ဒကာမ ဖုန်းနံပါတ်လည်း မရနိုင်ဘဲ တစ်ခြားတစ်ယောက်ကို ကပ္ပိယအနေနဲ့ မဆုံးဖြတ်နိုင်ဘူးဆိုရင်၊ ကိုယ်ဘာသာလည်း ကပ္ပိယ မလုပ်နိုင်ဘူးဆိုရင်၊ (က) တရားပွဲအကြီးအငယ်မှာဖြစ်စေ၊ (ခ) ဆွမ်းပင့်တဲ့အခါဖြစ်စေ၊ (ဂ) တခြား ပွဲ၊ အခြေအနေ ဘယ်လိုမျိုးဟာမှာမဆို၊ (ဃ) ပရဟိတအတွက် ဖြစ်စေ၊ (င) ဆေးအတွက် ဖြစ်စေ၊ (စ) ခရီးအတွက်ဖြစ်စေ၊ (ဆ) စာအုပ်အတွက်ဖြစ်စေ၊ (ဇ) ပရိယတ္တိအတွက် ဖြစ်စေ၊ (ဈ) ယဉ်ကြေးမှုကြောင့် ဖြစ်စေ၊ (ည) စာအိတ်မှာ ဖြစ်စေ၊ (ဋ) လက်ထဲမှာ ဒီတိုင်း ဖြစ်စေ ကပ်မယ့် ပိုက်ဆံဟာ မအပ်စပ်တဲ့ အသုံးအဆောင်ဖြစ်ပြီး အလှူရှင် ကပ်ရင် ကုသိုလ် မရပါဘူး၊ အကုသိုလ်ပဲ ရပါမည်။ **(ပေဠကောပဒေသ ၃၂၅။)**

<u>ချက်ခ်နိုင်ငံသား အရှင်သရဏမှ</u>
<u>ပိုက်ဆံကိုင်တဲ့ ရဟန်းများနဲ့ပတ်သက်တဲ့ တရားဟောပြောမှုများ၏</u>
<u>ရှင်းပြချက်များ</u>

မြတ်စွာဘုရားက ကိမိလသုတ် ၃ သုတ်မှာ မိန့်တော်မူတဲ့အတိုင်း သာသနာတော် ကွယ်သွားမယ့် အကြောင်းမှာ သိက္ခာကို အဂါရဝ ပြုရင် ကွယ်သွားပါမည်။ **(အံ၊၂၊၂၁၅။ အံ၊၂၊၂၉၈။ အံ၊၂၊၄၆၀။)**

<u>"ကော ပန ဘန္တေ ဟေတု ကော ပစ္စယော ယေန တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော ... သိက္ခာယ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ... အယံ ခေါ ကိမိလ ဟေတု အယံ ပစ္စယော ယေန တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော န စိရဋ္ဌိတိကော ဟောတိ။"</u> **(အံ၊၂၊၂၁၅။)**

ဒီစာအတွက် အဋ္ဌကထာမှာ ဒီလို ဖွင့်ဆိုထားပါတယ် - <u>"သိက္ခံ အပရိပူရေန္တော သိက္ခါယ အဂါရဝေါ နာမ။"</u> **(အံ၊ဋ္ဌ၊၃၊၇၆။)** ရဟန်းတော်က အကြောင်းရှိရင် ပိုက်ဆံကို ကိုင်လို့ ရတယ်ဆိုပြီး ပိုက်ဆံကိုလည်း ကိုင်တယ်၊

ပိုက်ဆံဖြင့် ဘုန်းကြီးကျောင်းလည်း ဝယ်တယ်၊ မြေဝယ်တယ်ဆိုရင် သုံးတိုင်း သုံးတိုင်း အာပတ်သင့်ပြီး ဘယ်လိုမှ သိက္ခာဂါရဝ မဖြစ်နိုင်ပါဘူး။ ရဟန်းတွေက သိက္ခာကို အဂါရဝပြုပြီး သာသနာတော်ကွယ်ဦးမယ်လို့ မြတ်စွာဘုရား သုတ္တံ အမျိုးစုံမှာ ပရိသတ် အမျိုးစုံကို မိန့်ထားပါတယ်။ ဒီဃနိကာယ် ပရိနိဗ္ဗာနသုတ်မှာ တွေ့ရတဲ့အတိုင်း

<u>"ဣမေ စ သုဘဒ္ဒ, ဘိက္ခူ သမ္မာ ဝိဟရေယျုံ,</u>

<u>အသုညော လောကော အရဟန္တေဟိ အဿာတိ။"</u> **(ဒီ၂၊၁၂၄)**

"သုဘဒ္ဒ ဤရဟန်းမြတ် (တစ်ကျိပ်နှစ်ယောက်မျိုး - အားထုတ်သည့် ၄ မျိုး၊ မဂ်ရ ၄ မျိုး၊ ဖိုလ်ရ ၄ မျိုး) တို့သည် မှန်စွာ (သီလ၊ သမာဓိ၊ ပညာတို့ကို မိမိ မဂ်၊ဖိုလ် အတွေ့အကြုံအတိုင်း အဆင့်ဆင့် ဟောပြောကျင့်စေလျက်) နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည်သာ ဖြစ်ရာ၏။" (ဒီ၊ဌ၂၊၁၉၁။, ဒီဃနိကာယ် မဟာဝဂ်ပါဠိတော် မြန်မာပြန်၊ PDF စာ ၁၅၉ နဲ့အညီ ဘာသာပြန်ထားပါသည်။)

<u>"ဝိနယော ဟိ သာသနဿ အာယု,</u>

<u>တသ္မိံ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ။"</u> **(ထေရဂါထာ၊ဋ္ဌ၊၁၊၄၇၆။)**

"ဝိနည်းသိက္ခာပုဒ်တော်သည် သာသနာတော်၏ အသက်ဖြစ်သည်၊ ဝိနည်းတရားသည် တည်သည်ရှိသော် သာသနာတော်သည် တည်သည် မည်၏။ (ရဟန်းကျင့်ဖွယ် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်, စာ ၄။)

အခုဆိုရင် ရဟန်းတော်များက ပိုက်ဆံကို ကိုင်ပြီး ပိုက်ဆံကို မကိုင်တဲ့ ဝိနည်း ဆောင်တဲ့ ရဟန်းတွေကို ဒုက္ခအမျိုးစုံ ပေးပြီး မိမိ တပည့်တွေကိုလည်း ပိုက်ဆံကိုင်အောင် သင်ပေးနေလို့ သာသနာတော်ရဲ့သက်တမ်းကို လျှော့စေနေပါတယ်။ အဲ့လို သာသနာတော်ရဲ့သက်တမ်းကို မလျှော့အောင် ဝိနည်းဆောင် ရဟန်းတော်များက သိက္ခာပုဒ်ကျူးလွန်တဲ့ ရဟန်းတော်တွေကို ဝိနည်းဆောင်အောင် ဆုံးမရပါတယ်၊ သင်ပေးရပါတယ်။

သံဃာဒိသေသ နံပါတ် ၁၂ မှ သိရတဲ့အတိုင်း ရဟန်းတော်က တခြား ရဟန်းတော်ကို ဝိနည်း သတိပေးရင် နားထောင်ရပါတယ်၊ ဆင်ခြေ မပေးရပါဘူး၊ ပါတိမောက်မှာ တွေ့ရတဲ့ သိက္ခာပုဒ် လိုက်နာဖို့ အဆုံးအမကို မငြင်းရပါဘူး။

<u>"ဘိက္ခု ပနေဝ ဒုဗ္ဗစဇာတိကော ဟောတိ ဥဒ္ဒေသပရိယာပန္နေသု သိက္ခာပဒေသု ဘိက္ခူဟိ သဟဓမ္မိကံ ဝုစ္စမာနော အတ္တာနံ အဝစနီယံ ကရောတိ - 'မာ မံ အာယသ္မန္တော ကိဉ္စိ အဝစုတ္ထ ကလျာဏံ ဝါ ပါပကံ ဝါ, အဟံပါယသ္မန္တေ န ကိဉ္စိ ဝက္ခာမိ ကလျာဏံ ဝါ ပါပကံ ဝါ, ဝိရမထာယသ္မန္တော မမ ဝစနာယာ'တိ, သော ဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော 'မာယသ္မာ အဝစနီယံ အကာသိ၊ ဝစနီယမေဝါယသ္မာ အတ္တာနံ ကရောတု၊ အာယသ္မာပိ ဘိက္ခူ ဝဒေတု သဟဓမ္မေန၊ ဘိက္ခူပိ အာယသ္မန္တံ ဝက္ခန္တိ သဟဓမ္မေန။ ဧဝံ သံဝဍ္ဍါ ဟိ တဿ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေနာတိ။'"</u> **(ဝိ၊၁၊၂၇၁။)**

"ရဟန်းသည် ပါတိမောက်လာ သိက္ခာပုဒ်တို့ဖြင့် ဆိုဆုံးမ ခက်သော သဘောရှိသည် သာလျှင် ဖြစ်၏၊ ရဟန်းတို့သည် သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် 'အသျှင်တို့သည် အကျွန်ုပ်ကို တစ်စုံတစ်ခု ကောင်းသည်ကို လည်းကောင်း၊ မကောင်းသည်ကို လည်းကောင်း မဆိုပါကုန်လင့်၊ အကျွန်ုပ်ကလည်း အသျှင်တို့ကို တစ်စုံတစ်ခု ကောင်းသည်ကို လည်းကောင်း၊ မကောင်းသည်ကို လည်းကောင်း မဆိုပါအံ့၊ အသျှင်တို့သည် အကျွန်ုပ်ကို ဆိုခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့'ဟု မိမိကိုယ်ကို မပြောဆိုသင့်သည်ကို ပြု၏၊ ထိုရဟန်းကို ရဟန်းတို့သည် 'အသျှင်သည် မိမိကိုယ်ကို မပြောဆိုသင့်သည်ကို မပြုပါလင့်၊ အသျှင်သည် မိမိကိုယ်ကို ဆိုသင့် သည်ကိုသာ ပြုပါလော့၊ အသျှင်ကလည်း ရဟန်းတို့ကို တရားနှင့်အညီ ဆိုပါလော့၊ ရဟန်းတို့ကလည်း အသျှင့်ကို တရားနှင့်အညီ ဆိုကြပါလိမ့်မည်၊ ဤသို့ အချင်းချင်း ဆိုဆုံးမခြင်း အချင်းချင်း အာပတ်မှ ထစေခြင်းဖြင့်သာလျှင် ထိုမြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွားခြင်းသို့ ရောက်နိုင်၏'ဟု ဆိုရာ၏။ (ဝိနည်းပိဋက ပါရာဇိကဏ်ပါဠိတော် မြန်မာပြန် PDF စာ ၃၁၂။)

ပိုက်ဆံကိုင်တဲ့ ရဟန်းတော်တွေက ပိုက်ဆံ မကိုင်အောင် ဆုံးမတဲ့ ရဟန်းတွေကိုလည်း နားမထောင်ချင်ပါဘူး၊ အလေး မထားချင်ဘူး၊ ပြောရင် ဆင်ခြေပဲ ရှာတတ်ပါတယ်။ အဲ့ဒါကြောင့်လည်း သိက္ခာအဂါရဝဖြစ်ပြီး သာသနာသက်တမ်း တိုနေပါတယ်။ တကယ်တမ်းကတော့ လာဘ်လာဘကြောင့် တရားဓမ္မကို ပိတ်ပင်ရင် ပိတ်ပင်တဲ့ ရဟန်း အာပတ်သင့်ပါတယ် -

<u>တတြ စေ ကောစိ ဘိက္ခု "နယိဒံ ကပ္ပတီ"တိ ပဋိက္ခိပတိ, ဥပါသကော စ "ယဒိ ကပ္ပတိ, မယှမေဝ ဘဝိဿတီ"တိ ဂစ္ဆတိ။ သော ဘိက္ခု "တယာ သံဃဿ လာဘန္တရာယော ကတော"တိ န ကေနစိ ကိဉ္စိ ဝတ္တဗ္ဗော။ ယော ဟိ တံ စောဒေတိ, သွေဝ သာပတ္တိကော ဟောတိ, တေန ပန ဗဟူ အနာပတ္တိကာ ကတာ။</u> **(ဝိ႒။ ၂၂၅၇။)**

"ထိုသို့ သံဃာအား လှူလာရာ၌ ရဟန်းတစ်ပါးသည် "ဤရွှေငွေသည် မအပ်၊" ဤသို့လည်း ငြင်း၏၊ ဒကာလည်း "အကယ်၍ မအပ်အံ့ တပည့်တော်၏ ဥစ္စာသည်သာ ဖြစ်ပါလတ္တံ့။" ဤသို့ ပြော၍လည်း သွားအံ့။ ထိုရဟန်းကို "သင်သည် သံဃာ၏ လာဘ်၏ အန္တရာယ်ကို ပြုအပ်ပြီ၊" ဤသို့ တစ်စုံတစ်ယောက်သော ရဟန်းသည် ဘာကိုမျှ မပြောသင့်။ အမှန် အကြင် ရဟန်းသည် ထိုရွှေငွေ ပယ်သောရဟန်းကို အပြစ်တင်၏၊ ထို စောဒနာသော ရဟန်းသည်သာ အာပတ်နှင့်တကွ ဖြစ်သည်။" (အရှင်ဇနကာဘိဝံသ၏ ပါရာဇိကဏ်ဘာသာဋီကာ စတုတ္ထအုပ်၊ စာ ၃၀၃၊၃၀၄။နှင့်အညီ ဘာသာပြန်ထားပါသည်။)

ပိုက်ဆံကိုင်ခြင်းကို ကာကွယ်ချင်တဲ့ ရဟန်းများက အင်္ဂုတ္တိုရ်နိကာယ် ဒုတိယပမာဒါဒိဝဂ္ဂဝဏ္ဏနာရဲ့ အဖွင့်အတိုင်း မိန့်တတ်ကြပါတယ် - <u>"ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။"</u> **(အံ႒၊ ၁၇၁။)** ပရိယတ္တိတတ်ရင် သာသနာကာကွယ်ဖို့အတွက် လုံလောက်ပါတယ်။ ဒါပေမဲ့ အာနန္ဒာမထေရ်မြတ်ကြီးက အလွတ် ရထားတဲ့ ဓမ္မက္ခန္ဓ ၈၄၀၀၀ မှာ ဒီစာ မပါပါဘူး။ မတွေ့ရပါဘူး။ ဒါကြောင့် ကိမိလသုတ်၊ မဟာပရိနိဗ္ဗာနသုတ်တို့ကို အဓိက ထားရပါတယ်။

ပိုက်ဆံကိုင်ခြင်းကို ကာကွယ်ချင်တဲ့ ရဟန်းများက မင်းကွန်းဆရာတော်ကြီးရဲ့အဆုံးအမတွေကို အခြေခံပြုပြီး ပိုက်ဆံကိုင်လို့ ရပါတယ်လို့ မိန့်တတ်ကြပါတယ်။ မင်းကွန်းဆရာတော်ကြီးက သုတဗုဒ္ဓဖြစ်ပေမဲ့ ခုဒ္ဒါနုခုဒ္ဒကာနိ အာပတ်တွေကို လုံးဝ မကျူးလွန်ရဘူးလို့ ဆုံးဖြတ်ထားတဲ့ တိပိဋကဓရ သုတဗုဒ္ဓ အရှင် အာနန္ဒ၊ ရဟန္တာ အရှင် မဟာကဿပနှင့် ရဟန္တာ ၄၉၈ ပါး ဆုံးဖြတ်ထားတဲ့အတိုင်းပဲ နေရပါတယ်။

<u>(၁) ငွေကိုင်သောရဟန်းများသည် ရဟန်းမဟုတ်ကြောင်း။</u>

ပထမ ဒီကိစ္စကို အရှင်သရဏသည် ပိဋက (၂) ပုံဆောင်ဆရာတော်တစ်ပါးဆီမှ လေ့လာထားပါတယ်။ စာအကိုးအကား သေချာ မကြည့်ပေမဲ့ အလွန် သဘောကျလို့ တရားမှာ အသုံးပြုထားပါတယ်။ ဆရာတော်ကြီးက အဲ့လို မိန့်ထားတာ ပြန် မမှတ်မိပေမဲ့ အရှင်သရဏဟာ ရှင်းရှင်းလင်းလင်း မှတ်မိပါတယ်။ ဆရာတော်ရဲ့ မိန့်ကြားချက်ကိုလည်း ဆရာတော်ကို ပြန်မေးထားပါတယ်၊ ပြန်လျှောက်ထားပါတယ်၊ ဒါပေမဲ့ ပြင်ဆင်ချက် မရပါဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် အရှင်သရဏက အကုန်လုံး မမှတ်မိနိုင်ပါဘူး၊ လူမှတ်ဉာဏ်ရဲ့ အားနည်းချက်ကိုလည်း လက်ခံပါတယ်။ ဒါကြောင့် ဆရာတော်ကြီးရဲ့အဆုံးအမကို ရှင်းရှင်းလင်းလင်း မှတ်မိပေမဲ့ လက်မခံတတ်တဲ့ ပုဂ္ဂိုလ်များကို အပြစ်မတင်ပါဘူး။

စာပေနဲ့အညီ ပြမယ်ဆိုရင် အထောက်အကူ အနည်းငယ် ရပါတယ်။ သဠာယတနဝဂ္ဂပါဠိ မဏိစူဠကသုတ်မှာ မြတ်စွာဘုရား မိန့်တော်မူပါတယ် -

<u>"ယဿ ခေါ၊ ဂါမဏိ၊ ဇာတရူပရဇတံ ကပ္ပတိ၊ ပဉ္စပိ တဿ ကာမဂုဏာ ကပ္ပန္တိ။ ယဿ ပဉ္စ ကာမဂုဏာ ကပ္ပန္တိ၊ ဧကံသေနေတံ၊ ဂါမဏိ၊ ဓာရေယျာသိ အဿမဏဓမ္မော အသကျပုတ္တိယဓမ္မော"</u> **(သံ၊၂၊၅၀၉။)**

"ရွာသူကြီး ရွှေငွေကို အပ်သောသူအား ကာမဂုဏ် ငါးပါးတို့သည် အပ်ကုန်၏၊ ကာမဂုဏ်ငါးပါး အပ်သော သူကို စင်စစ်အားဖြင့် ရဟန်းသဘော မရှိ၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား သဘောမရှိ ဟု မှတ်လေလော့။" **(သံယုတ္တနိကာယ် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် PDF စာ ၃၃၁။)**

မြတ်စွာဘုရားရဲ့ "<u>အဿမဏဓမ္မော အသကျပုတ္တိယဓမ္မော</u>"လို့ ဝေသာလီ ဒကာ ဒကာမတွေက ကြားပြီးရင် <u>"အဿမဏာ အသကျပုတ္တိယာ"</u>လို့ နားလည်သဘောပေါက်ကြပါတယ်။ အဲ့ဒီ အဖြစ်အပျက်ကို ဒုတိယသင်္ဂါယနာမှာ ရဟန္တာမထေရ်မြတ်ကြီးတို့က စာပေမှာ ထည့်ပေးထားပါတယ်။ -

<u>"ဧဝံ ဝုတ္တေ ဝေသာလိကာ ဥပါသကာ အာယသမန္တံ ယသံ ကာကဏ္ဍကပုတ္တံ ဧတဒဝေါစုံ- 'ဧကောဝ ဘန္တေ၊ အယျော ယသော ကာကဏ္ဍကပုတ္တော သမဏော သကျပုတ္တိယော။ သဗ္ဗေဝိမေ အဿမဏာ အသကျပုတ္တိယာ။'"</u> **(ဝိ၊၄၊၄၉၅။)**

"ဤသို့ ပြောလတ်သော် ဝေသာလီပြည်သား ဥပါသကာတို့သည် ကာကဏ္ဍက ပုဏ္ဏား၏သား အသျှင်ယသအား "အသျှင်ဘုရား ကာကဏ္ဍက ပုဏ္ဏား၏သား အသျှင်ယသ တစ်ပါးသည်သာ သာကီဝင်မင်းသား

ဘုရား အနွယ်တော်ဖြစ်သော ရဟန်းတည်း၊ ဤသူအားလုံးတို့သည် ရဟန်း မဟုတ်ကုန်၊ သာကီဝင်မင်းသား ဘုရား အနွယ်တော် မဟုတ်ကုန်။" (ဝိနည်းပိဋက၊ စူဠဝဂ်ပါဠိတော် မြန်မာပြန်။ PDF စာ ၅၄၆။)

ဝေသာလီမှာ နေရတဲ့ ဒကာ ဒကာမတွေကို ရဟန္တာ အရှင် ယသ ကာကဏ္ဍပုတ္တဟာ မြတ်စွာဘုရားရဲ့ ဝိနည်းတရား ဟောတော်မူပြီးရင် ဒကာ ဒကာမတွေက အသမဏ အသကျပုတ္တိယာ အနက်နဲ့ နားလည်ကြပါတယ်။ အဋ္ဌကထာစာမှာလည်း ရှင်းပြချက် မရှိပါဘူး၊ တခြား ရှင်းပြချက် မရှိပါဘူး။ ရဟန္တာ အရှင် ယသ ကာကဏ္ဍပုတ္တက ဒကာ ဒကာမတွေရဲ့နားလည်မှုကို မကန့်ကွက်ဘူးလို့ သိရပါတယ်။ မြန်မာ ဒကာ ဒကာမတွေက ပါဠိလို မတတ်တဲ့အတွက် ရဟန္တာ အရှင် ယသ ကာကဏ္ဍပုတ္တရဲ့စကားဖြင့် ဟောလို့ မရပါဘူး။ ဝေသာလီ ဒကာ ဒကာမတို့ရဲ့နားလည်သဘောပေါက်မှုဖြင့် မြတ်စွာဘုရားရဲ့တရားကို ဟောရင် ပါဠိလို တစ်သက်လုံး ပြောရတဲ့ ဝေသာလီ ဒကာ ဒကာမတွေလို နားလည်နိုင်မှာပါ။

"အသမဏ အသကျပုတ္တိယ"ဆိုတဲ့ စကားကို ပါရာဇိကပါဠိရဲ့ရှင်းပြချက်နဲ့အညီ ကြည့်မယ်ဆိုရင် ပါရာဇိက အနက် ရပါတယ်။ ဒါပေမဲ့ ဝေသာလီဒကာ ဒကာမတွေက အဲ့ဒီ စကားလုံးတွေကို ပါရာဇိက အနက်နဲ့ နားလည်သဘောပေါက်တယ်ဆိုတာ စာပေမှာလည်း မတွေ့ရပါဘူး၊ အရှင်သရဏကလည်း အဲ့ဒီ အနက်နဲ့ မဟောဖူးပါဘူး၊ ဟောချင်စိတ်လည်း မရှိဖူးပါဘူး။ ပိုက်ဆံကိုင်တဲ့ ရဟန်းတွေကို အရှင်သရဏက ပါရာဇိကဖြင့် တစ်ခါမှလည်း မစွပ်စွဲဖူးပါဘူး၊ စွပ်စွဲချင်စိတ်လည်း မရှိဖူးပါဘူး။ အရှင်သရဏက ပိုက်ဆံကိုင်တဲ့ ရဟန်းတွေကို ပိုက်ဆံ မကိုင်အောင်ပဲ ဥပမာ ဥပမေယျ၊ သုတ်ပရိယာယ်အမျိုးစုံဖြင့် နှိုးဆော်ပေးထားပါတယ်၊ ဒကာ ဒကာမတွေကိုလည်း ရဟန်းတွေရဲ့ဝိနည်းမှာ ရဟန်းတွေကို အားပေးအောင်၊ လက်ထဲမှာ ပိုက်ဆံမကပ်အောင် ဟောထားပါတယ်။ ဆိုပါစို့ အမေဟာ မိမိ သားလေးကို ငါ့သား မဟုတ်ဘူးလို့ ဆုံးမရင် သူ့သားက ခွေးစသည် ဖြစ်သွားမှာ မဟုတ်ပါဘူး၊ ဖြစ်အောင်လည်း ပြောတာ မဟုတ်ပါဘူး၊ ဖြစ်ခဲ့လိုလည်း ပြောတာ မဟုတ်ပါဘူး။ သားလေးက လိမ္မာအောင် ဥပမာ ဥပမေယျဖြင့် ဆုံးမထားပါတယ်။ ဒီအနက်နဲ့ အရှင်သရဏက အကြောင်းရှိရင် ပိုက်ဆံကိုင်လို့ ရတယ် ဆိုတတ်တဲ့ ဒကာ၊ ဒကာမ၊ ရဟန်းတွေကို ပိုက်ဆံကိုင်လို့ မရဘူး အနက်နဲ့ အမျိုးစုံ ဥပမာ၊ ဥပမေယျ၊ သုတ်ပရိယာယ်ဖြင့် အကြောင်းကြားပေးထားပါတယ်။

ရဟန်းဆိုရင် ပိုက်ဆံ မကိုင်ဘူးလို့ ပြောင်းပြန် ပြောရင် မြတ်စွာဘုရား ကိုယ်တော်တိုင် ဒကာတစ်ယောက်ကို ဝိနည်းစည်းကမ်း ရှင်းပြတော်မူပါတယ်။

<u>"န ဟိ၊ ဂါမဏိ၊ ကပ္ပတိ သမဏာနံ သကျပုတ္တိယာနံ ဇာတရူပရဇတံ၊ န သာဒိယန္တိ သမဏာ သကျပုတ္တိယာ ဇာတရူပရဇတံ၊ နပ္ပဋိဂ္ဂဏှန္တိ သမဏာ သကျပုတ္တိယာ ဇာတရူပရဇတံ၊ နိက္ခိတ္တမဏိသုဝဏ္ဏာ သမဏာ သကျပုတ္တိယာ အပေတဇာတရူပရဇတာ။"</u> **(သံ၊၂၊၅၁၀။)**

"သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား ရဟန်းတို့သည်

ကျောက်မျက်နှင့် ရွှေငွေကို ပယ်ထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏။" (သံယုတ်နိကာယ် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ PDF စာ ၃၃၀။)

၁၉၈၂ ခုနှစ်တွင် ထုတ်ဝေထားတဲ့ သာသနာပြု အုဂ်ဖိုရ်ဆရာတော်ကြီးရဲ့ "သာသနာသန့်ရှင်းတည်တံ့ရေး"ကျမ်း မှာ အသမဏ အသကျပုတ္တိယ ကိစ္စကို အသေးစိတ် ရှင်းပြထားချက် တွေ့ရပါတယ်။-

"အသမဏ-ဟု ခေါ်ဆိုထိုက်သူများ

သမဏဟူသော သမ္မုတိပညတ် သဒ္ဒါသည် သီလအကျင့်ရှိ၍ ကိလေသာကို အထိုက်အလျောက်အားဖြင့် ခေါင်းပါးစေခြင်း, ငြိမ်းစေခြင်း ကိရိယာ ဗျူပွတ်ကိုစွဲ၍ ဖြစ်သည်။ ထို့ကြောင့် ထိုကိလေသာ ခေါင်းပါးစေခြင်း, ငြိမ်းစေခြင်း ကိရိယာဗျူပွတ်ရှိသော သီလဝန္တ ရဟန်းကိုသာ မုချအားဖြင့် သမဏဟု ခေါ်ဆိုအပ်သည်။ ထို ကိရိယာဗျူပွတ် မရှိသော ရဟန်းကိုကား ဝေါဟာရ ဥပစာ ရုဠှီအားဖြင့်သာလျှင် သမဏဟု ခေါ်ဆိုရလေသည်။ မုချအားဖြင့် သမဏဟု ခေါ်ဆိုရသည်မဟုတ်ပေ။ အမှန်အားဖြင့် ကိလေသာကို ခေါင်းပါးစေခြင်း, ငြိမ်းစေခြင်း မရှိသော ထို အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်ကို အသမဏ-ဟုသာ ခေါ်ဆိုရလေသည်။

<u>"န မုဏ္ဍကေန သမဏော၊ အဗ္ဗတော အလိကံ ဘဏံ။ ဣစ္ဆာလောဘသမာပန္နော၊ သမဏော ကိံ ဘဝိဿတိ။"</u> **ဓမ္မပဒ ၂၆၄။**

မုဏ္ဍကေန၊ မုတ်ဆိတ်ဆံလှည်း၊ ဦးပြည်းကာမျှဖြင့်။ သမဏော၊ ရဟန်းမည်သည်၊ (သမဏမည်သည်။) န ဟောတိ၊ မဖြစ်။ အဗ္ဗတော၊ သီလအကျင့်မရှိသော။ အလိကံ၊ အပြိန် အဖျင်း ချွတ်ယွင်းပျက်ချော်သော စကားကို။ ဘဏံ=ဘဏန္တော၊ ပြောဆိုတတ်သော။ ဣစ္ဆာလောဘသမာပန္နော၊ ရောက်ပြီးပြည့်စုံ၊ ခြောက်အာရုံ၌၊ တသ်ကြဲသော ဣစ္ဆာ၊ မရောက်မလာ၊ ခြောက်ဖြာအာရုံ၊ တသ်ကြဲသဘော၊ လောဘဇောနှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သမဏော၊ ရဟန်းမည်သည်။ ကိံ ဘဝိဿတိ၊ အဘယ့်ကြောင့် ဖြစ်လိမ့်မည်နည်း။

ဤ ဓမ္မပဒ ပါဠိတော် စကားအရဖြင့်သာ အလဇ္ဇီ ဒုဿီလ ပုဂ္ဂိုလ်တို့ကို အသမဏ အသကျပုတ္တိယ ခေါ်ဆိုရသည်ဟု သိရသည် မဟုတ်သေး၊ ဝိနည်း စူဠဝါ သင်္ဂီတိခန္ဓက၌ "သဗ္ဗေပိမေ အသမဏာ အသကျပုတ္တိယာ"။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဣမေ ဘိက္ခူ၊ ရွှေငွေကို အလှူခံခြင်းစသော အဓမ္မဝတ္ထု ဆယ်ပါးကို ပြုကျင့်ကြကုန်သော ဝေသာလီ ဝဇ္ဇီတိုင်းသား ရဟန်းများသည်။ အသမဏာ၊ ရဟန်းမဟုတ်ကုန်။ အသကျပုတ္တိယာ၊ သာကီဝင်မင်းသား၊ ဘုရားသား မဟုတ်ကုန်-ဟု တိုက်ရိုက်ပင် မိန့်ဆိုထားသည်ကိုလည်း သိရလေသည်။

အသကျပုတ္တိယ

လောက၌ အဘ၏ အမှုကိစ္စကို မပြီးစေသောသားကို အပုတ္တ-ဟု ခေါ်ဆိုအပ်သကဲ့သို့ ဘုရားရှင်ကို ရည်မှတ်၍ ရဟန်းပြုသည်ဖြစ်လျက် ဘုရားရှင် အမှုကိစ္စကို မပြီးစေသော ရဟန်းကိုလည်း (ထို မပြီးစေသော အခိုက်အတန့်ကိုစွဲ၍) အသမဏ, အသကျပုတ္တိယ-ဟူ၍ပင် ခေါ်ဆိုရလေသည်။ အန္တိမဝတ္ထုသို့ ရောက်ပြီးသော ရဟန်းကိုကား အချင်းခပ်သိမ်း ရဟန်းအဖြစ်မှ ကင်းသောကြောင့် ဧကန် အသမဏ, အသကျပုတ္တိယ-ဟု

ခေါ်ဆိုရလေသည်။ ဤ၌ အ-အက္ခရာသည် ချီးမွမ်းထိုက်သော ဂုဏ်ကို နစ်စေ၍ ဂရဟာတ္ထ၌ဖြစ်သည်။ အခိုက်အတန့်အားဖြင့် ရဟန်းမဟုတ်၊ ဘုရားသားတော် မဟုတ်ဟု ဆိုလိုသည်။ "အဿမဏော သမဏပဋိညော အဗြဟ္မစာရီ ဗြဟ္မစာရိပဋိညော''တိ စ တံသမ္ဘာဝနီယဂုဏနိဝတ္တိယံ။ ဂရဟာတိ ဣမေ ဉာယတိ။" (ဧကနိပါတ်၊ အင်္ဂုတ္တိုရ်ဋီကာ။ အံ၊ဋီ။ ၁၊၁၀၁။)

ယင်းသို့ ပြဆိုအပ်သော ကျမ်းလာစကားတို့ကို ထောက်ရှု၍ ပါရာဇိက သိက္ခာ ပုဒ်လေးပါးမျှကိုသာစောင့်ထိန်း၍ ကျန်သိက္ခာပုဒ်တို့ကို လွန်ကျူးကုန်သော ထိုပုဂ္ဂိုလ်တို့ကို အသမဏ, အသကျပုတ္တိယ-ဟု ခေါ်ဆိုအပ်ကြောင်းကို ကောင်းကောင်းကြီး သိမှတ်ရလေသတည်း။" (စာ ၁၂-၁၃။)

ပိုက်ဆံကိုင်တဲ့ ရဟန်းများက ရဟန်းအစစ်မဟုတ် ရဟန်းအတု ဖြစ်တယ်လို့ ဟောပြောခြင်းကို အရှင်သရဏသည် မဟောဖူးဘူးလို့ ယုံကြည်ပါတယ်။ ရဟန်းအစစ် နဲ့ အတုဟာ ဥပဇ္ဈာယ်ရှိမရှိ၊ ကမ္မဝါ မှန်မှန်ကန်ကန် ဖတ်မဖတ် စသည့် သိမ်တက်တဲ့ အကြောင်းပေါ်မူတည်ပြီး ရဟန်းအစစ်/အတု ဖြစ်ပါသည်လို့ အရှင်သရဏက သိလည်း သိပါသည် တစ်ခါမှလည်း အဲ့ဒီမှာ မဝေဖန်ချင်ဖူးပါဘူး။ အဲ့လိုမျိုးကိစ္စကို အရှင်သရဏသည် တရားဟော၊ တရားစာရေး တဲ့အခါ ပြောပြလေ့ မရှိပါဘူး။ ရဟန်းအစစ်/အတု ပြောခဲ့ခြင်းကို မမှတ်မိတဲ့အတွက် အရှင်သရဏကို သက်သေသာဓက ပြသင့်ပါတယ်။ ပိုက်ဆံကိုင်တဲ့ ရဟန်းဟာ မောဃပုရိသ (မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား) ဖြစ်တယ်လို့တော့ ရေးဖူးပါတယ်။ ပိုက်ဆံကိုင်တဲ့ ရဟန်းတော်ကို မြတ်စွာဘုရားက မောဃပုရိသ (မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား) လို့ ခေါ်တော်မူခဲ့ပါတယ်။

<u>ကထဉှိ နာမ တွံ, မောဃပုရိသ, ရူပိယံ ပဋိဂ္ဂဟေဿသိ! နေတံ, မောဃပုရိသ အပ္ပသန္နာနံ ဝါ ပသာဒါယ, ပသန္နာနံ ဝါ ဘိယျောဘာဝါယ; အထ ခွေတံ, မောဃပုရိသ, အပ္ပသန္နာနဉ္စေဝ အပ္ပသာဒါယ, ပသန္နာနဉ္စ ဧကစ္စာနံ အညထတ္တာယာ"တိ။</u> **(ဝိ၊၁၊၃၄၅+၂၃။)**

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ရွှေငွေကို ခံယူဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ လည်းကောင်း၊ ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါ လည်းကောင်း မဖြစ်နိုင်ပေ၊ (မဂ်ဖိုလ်မှ) အချည်းအနှီးဖြစ်သော ယောကျ်ား အမှန်စင်စစ် ဤ(သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါ လည်ကောင်း၊ ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှါလည်းကောင်း ဖြစ်ပေ၏"ဟု (ကဲ့ရဲ့တော်မူ၏။)

<u>(၂) ငွေကိုင်သောရဟန်းများသည် ဒေဝဒတ် ထက်ပင်ပိုဆိုးကြောင်း</u>

<u>တထာ ဟိ ကတသိက္ခာပဒဝီတိက္ကမာ အလဇ္ဇီပုဂ္ဂလာ ... နိဂ္ဂဟေတဗ္ဗာ ... ယဒိ ဟိ တေ ဧဝံ န နိဂ္ဂဟိတာ သိယုံ, သံဃေ ကလဟာဒိံ ဝဍ္ဎေတွာ ဥပေါသထာဒိသာမဂ္ဂီကမ္မပဋိဗာဟနာဒိနာ ပေသလာနံ အဖာသုံ ကတွာ ကမေန တေ</u> **<u>ဒေဝဒတ္တဝဇ္ဇီပုတ္တကာဒယော ဝိယ</u>** <u>ပရိသံ ဝဍ္ဎေတွာ အတ္တနော ဝိပ္ပဋိပတ္တိံ ဓမ္မတော ဝိနယတော ဒီပေန္တာ</u>

သံဃဘေဒါဒိမ္ပိ ကတွာ နစိရဿေဝ သာသနံ အန္တရဓာပေဿန္တိ, တေသု ပန သံဃတော ဗဟိကရဏာဒိဝသေန နိဂ္ဂဟိတေသု သဗ္ဗောပါယံ ဥပဒ္ဒဝေါ န ဟောတိ။ **(ရှုပိယသိက္ခာပဒတဏ္ဏနာ၊ ဝိမတိ၊ဋီ။၁၊၃၄၀။ ရှုပိယာဒိပဋိဂ္ဂဟဏဝိနိစ္ဆယကထာ၊ ဝိနယာလင်္ကာရ၊ဋီ။ ၁၊၁၅၂။)**

"ထိုကြောင့်သာလျှင် ပြုအပ်သော သိက္ခာပုဒ်ကို လွန်ကျူးခြင်းရှိကုန်သော ... အရှက်မရှိသော ပုဂ္ဂိုလ်တို့ကို ... နှိပ်အပ်ကုန်၏။ သင့်စွ ထိုအလဇ္ဇီ (အရှက်မရှိသော ရဟန်း)တို့ကို ဤသို့ မနှိပ်အပ်ကုန်သည်၊ အကယ်၍ ဖြစ်ကုန်ငြားအံ့၊ သံဃာသည် ငြင်းခုံခြင်းအစရှိသည်ကို ပွားစေ၍ ဥပုသ်အစရှိသော သာမဂ္ဂီကံကို တားမြစ်ခြင်းအစရှိသည်ဖြင့် လဇ္ဇီတို့၏ မချမ်းသာခြင်းကို ပြု၍ အစဉ်သဖြင့် ထိုအလဇ္ဇီတို့သည် **ဒေဝဒတ်, ဝဇ္ဇီတိုင်းသား ရဟန်းအစရှိသည်တို့ကဲ့သို့** ပရိသတ်ကို ပွားစေ၍ မိမိ၏ ဖောက်ပြန်သော အကျင့်ကို သုတ်, အဘိဓမ္မာဟူ၍၊ ဝိနည်းဟူ၍ ပြကုန်လျက် သံဃာသင်းခွဲခြင်း အစရှိသည်ကိုလည်း ပြု၍ မကြာမြင့်မီလျှင် သာသနာတော်ကို ကွယ်စေကုန်ရာ၏။ ထိုအလဇ္ဇီတို့ကို သံဃာမှ အပပြုခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် နှိပ်အပ်ကုန်သော်ကား အလုံးစုံလည်းဖြစ်သော ဤဘေးရန်သည် မဖြစ်သင့်စွ။ (ဝိမတိဝိနောဒနီဋီကာနိဿယ ပထမတွဲ၊ စာ ၇၃၃-၇၃၄။နှင့်အညီ ဘာသာပြန်ထားပါသည်။)

အရှင်သရဏသည် ဟောပြောထားသမျှ ဝိနည်းအကြောင်းများဖြင့် ရဟန်းသံဃာတော်ကို စွပ်စွဲချင်လို့ တစ်ခါမှ မဟောပြောဖူးပါဘူး။ ရဟန်းသံဃာတော်များက ပိုက်ဆံကို အပြီးထိ စွန့်လွှတ်ပြီး၊ နိဿဂ္ဂိ ပိုင်ဆိုင်မှုလည်း အားလုံးကို စွန့်လွှတ်ပြီး (ဒါမှမဟုတ် မိဘ/ပစ္စည်း ၄ ပါး ဒကာ ဒကာမဆီမှာ အပြီး စွန့်လွှတ်ပြီး နောက်မှ ပြန်အလှူခံပြီး) ဒေသနာကြားပြီး တစ်သက်လုံး လဇ္ဇီ ပေသလ ဘိက္ခု (မကောင်းမှုကို ရှက်ခြင်းရှိသော၊ သီလကို မြတ်နိုးသော ရဟန်း) ဖြစ်အောင် နှိုးဆော်ပေးခြင်း နှင့် ဒကာ ဒကာမတွေကို ရဟန်းတွေရဲ့ဝိနည်း ဆောင်ရခြင်းမှာ ရဟန်းတွေကို ကူညီပေးအောင် အခက်အခဲ မလုပ်အောင် ဖြစ်ပါသည်။

ဥပမာ ဥပမေယျ၊ သုတ်ပရိယာကို ပညာရှိသူက နားလည်မှာပါ။ ဒီမှာ နှိုင်းယှဉ်တာက အရှင် ဒေဝဒတ်က သံဃာအသင်း ခွဲတဲ့အခါ ပွင့်ပွင့်လင်းလင်း ခွဲထားပါတယ် - "သမဏော ခေါ၊ အာဝုသော၊ ဂေါတမော မဟိဒ္ဓိကော မဟာနုဘာဝေါ။ ကထံ မယံ သမဏဿ ဂေါတမဿ သင်္ဃဘေဒံ ကရိဿာမ စက္ကဘေဒန္တိ။" **(ဝိ၊၁၊၂၆၃။)** မိမိ အဖော်ရဟန်းတွေကို ပွင့်ပွင့်လင်းလင်း ပြောပြီး ဒကာ ဒကာမတွေကိုလည်း ပြောထားပါတယ် - "မယံ၊ အာဝုသော သမဏံ ဂေါတမံ ဥပသင်္ကမိတွာ ပဉ္စ ဝတ္ထူနိ ယာစိမှာ ... ဣမာနိ သမဏော ဂေါတမော နာနုဇာနာတိ။" **(ဝိ၊၁၊ ၂၆၄။)**

ဥပမာအားဖြင့် ပိုက်ဆံကိုင်ခြင်းကို ကာကွယ်တဲ့ ရဟန်းတွေက ပိုက်ဆံကို ကိုင်ပြီး နိဿဂ္ဂိ ဘုန်းကြီးကျောင်းများ ဝယ်ကြပါတယ်၊ နိဿဂ္ဂိ မြေ ဝယ်ကြပါတယ်၊ နိဿဂ္ဂိ အသုံးအဆောင်များ စာအုပ်များ စားစရာများ ဝယ်ကြပါတယ်။ ဒီ နိဿဂ္ဂိ ပစ္စည်းဥစ္စာ ဝယ်ပြီးရင် သုံးတိုင်း သုံးတိုင်း ဒုက္ကဋ်အာပတ် သင့်ပါတယ်။ (**ဝိ၊၄။ ၂၂၇၇။**တွင် ပတ္တစတုက္က၊ **ကင်္ခါ၊ဋ္ဌ။ ၁၇၆။**မှာ ပိုက်ဆံကိုင်တဲ့ ရဟန်းတော်က ပိုက်ဆံဖြင့် ရထားတဲ့ သစ်ပင်အစေ့ကို စိုက်ပြီး အဲ့ဒီမှ ရထားတဲ့ သစ်ပင်ရဲ့အရိပ်ကိုတောင် မသုံးရပါဘူးလို့ သိရပါတယ်။ **သာရတ္ထ၊ဋီ။ ၂၊၄၁၀။** အတိုင်း ဝယ်ထားသမျှ ပစ္စည်းဥစ္စာ သုံးတိုင်း သုံးတိုင်း ဒုက္ကဋ် အာပတ် သင့်ပါတယ်။) နိဿဂ္ဂိယပါစိတ်ကို

ပါစိတ်အဖြစ်ပဲ မှတ်ထားပြီး ရဟန်းမဝတ်ပေးခင်၊ သိမ်မသမုတ်ခင်၊ အဓိကအားဖြင့် ပါတိမောက် မပြခင် ဒေသနာပဲ ကြားကြပါတယ် ပိုက်ဆံကို အပြီးထိ မစွန့်လွှတ်ကြပါဘူး၊ နိဿဂ္ဂိ ကျောင်း၊ မြေ၊ ပစ္စည်းများကို မစွန့်လွှတ်ကြပါဘူး။ အဲ့လို မစွန့်လွှတ်ထားတဲ့အတွက် ပါတိမောက်ပွဲဟာ မသန့်ရှင်းဘူး၊ မပြည့်စုံဘူး၊ ပါတိမောက်ပြုတဲ့အခါ <u>"ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ။"</u> **(ဝိ၊၃၊၁၄၀။)** <u>"တတ္ထာယသ္မန္တေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ ... ပါရိသုဒ္ဓေတ္ထာယသ္မန္တော တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ။"</u> **(ဒွေမာတိကာပါဠိ၊ ၁။)** လို့ ရွတ်ရပါတယ်။ ရဟန်းဝတ်ပေးရင် ဝိနည်းမပြည့်စုံတော့လည်း ဥပဇ္ဈာယ်အဖြစ်ဟာ မမြင့်မြတ်ပါဘူး။

<u>"အပရေဟိပိ, ဘိက္ခဝေ, ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပါဒေတဗ္ဗံ, န နိဿယော ဒါတဗ္ဗော, န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ အဓိသီလေ သီလဝိပန္နော ဟောတိ, အဇ္ဈာစာရေ အာစာရဝိပန္နော ဟောတိ, အတိဒိဋ္ဌိယာ ဒိဋ္ဌိဝိပန္နော ဟောတိ, အပ္ပဿုတော ဟောတိ, ဒုပ္ပညော ဟောတိ - ဣမေဟိ ခေါ ဘိက္ခဝေ, ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗံ, န နိဿယော ဒါတဗ္ဗော, န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။"</u> **(ဝိ၊၃၊၉၁။)**

"ရဟန်းတို့ ထိုမှတစ်ပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံမပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးရ။ (ငါးပါးဟူသည်ကား) လွန်မြတ်သော သီလပျက်၏ (ပါရာဇိက၊ သံဃာဒိသေသကျမိပြီ)၊ လွန်မြတ်သော အကျင့်ပျက်၏ (ကျန်တဲ့ သိက္ခာပုဒ်များကို ကျူးလွန်မိပြီ)၊ လွန်မြတ်သော အယူပျက်၏၊ အကြားအမြင်နည်း၏၊ ပညာမရှိ။ ရဟန်းတို့ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဉ္စင်းခံ မပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးရ။" (ဝိနည်းပိဋက မဟာဝဂ်ပါဠိတော် မြန်မာပြန်၊ PDF စာ ၁၀၇။)

အဓိကအားဖြင့် ပါတိမောက်ရဟန်းတွေက မသန့်ရှင်းပဲ ဝိနည်းဆောင်ရဟန်းတွေနဲ့ အမြင် မတူတော့ အတူတူ ပါတိမောက် မလုပ်ရပါဘူးလို့ စာပေမှ သိရပါတယ်။ ဒီကိစ္စကို တတိယသင်္ဂါယနာရဲ့အကြောင်းမှ သိရပါတယ်။ ထိုင်းနိုင်ငံမှာ ဝိနည်းဆောင် ရဟန်းတွေကလည်း အဲ့လိုပဲ ဆုံးဖြတ်ထားပါတယ်။ .

<u>"ဒုဿီလပုဂ္ဂလေ နိဿာယ ဥပေါသထော န တိဋ္ဌတိ, ပဝါရဏာ န တိဋ္ဌတိ, သံဃကမ္မာနိ နပ္ပဝတ္တန္တိ, သာမဂ္ဂီ န ဟောတိ... ပေ... ဒုဿီလေသု ပန နိဂ္ဂဟိတေသု သဗ္ဗောပိ အယံ ဥပဒ္ဒဝေါ န ဟောတိ, တတော ပေသလာ ဘိက္ခူ ဖာသု ဝိဟရန္တိ"တိ။</u> **(ဝိ၊၄။ ၁၁၈၈။)**

"သီလမရှိသောသူတို့ကို မှီ၍ ဥပုသ်ကံသည် မတည်၊ ပဝါရဏာကံသည် မတည်၊ ကြွင်းသောသံဃကံတို့သည် မဖြစ်ကုန်။ ညီညွတ်သော ပုဂ္ဂိုလ်တို့၏ အဖြစ်သည်၊ ဝါ-သံဃာ၏ညီညွတ်ခြင်းသည် မဖြစ်၊ ရဟန်းတို့သည် တစ်ခုတည်းသော အာရုံရှိသောစိတ် မရှိကုန်သည်၊ ဝါ- မတည်ကြည်ကုန်သည်၊ ပါဠိကိုသင်ယူခြင်း, အဋ္ဌကထာကို အဖန်ဖန်မေးခြင်း, ကမ္မဋ္ဌာန်း စီးဖြန်းခြင်း အစရှိသည်တို့ကို အားထုတ်ခြင်းငှါ မစွမ်းနိုင်ကုန်။ သို့သော် သီလမရှိသောသူတို့ကို နှိပ်အပ်ကုန်ပြီးသော် အားလုံးသော ဤ ဘေးရန်သည် မဖြစ်တော့

ထိုသို့ ဘေးရန် မဖြစ်ခြင်းကြောင့် သီလကိုချစ်ကုန်သော ရဟန်းတို့သည် ချမ်းသာစွာ နေကြရကုန်၏။" (အရှင်ဇနကာဘိဝံသ၏ ပါရာဇိကဏ်ဘာသာဋီကာ ဒုတိယအုပ်၊ စာ ၂၉၄၊ PDF စာ ၂၉၅။နှင့်အညီ ဘာသာပြန်ထားပါသည်။)

"တထာ ဟိ ကတသိက္ခာပဒဝီတိက္ကမာ အလဇ္ဇီပုဂ္ဂလာ ဥပေါသထာဒီသု ပဝိဋ္ဌာ "တုမှေ ကာယဒွါရေ, ဝစီဒွါရေ စ ဝီတိက္ကမံ ကရောထာ"တိ အာဒိနာ ဘိက္ခူဟိ ဝတ္တဗ္ဗာ ဟောန္တိ, ယထာ ဝိနယဥ္စ အတိဋ္ဌန္တာ သံဃတော ဗဟိကရဏာဒိဝသေန သုဋ္ဌု နိဂ္ဂဟေတဗ္ဗာ, တထာ အကတွာ တေဟိ သဟ သံဝသန္တာပိ အလဇ္ဇိနောဝ ဟောန္တိ "ဧကောပိ အလဇ္ဇီ အလဇ္ဇီသတမ္ပိ ကရောတီ"တိအဒိဝစနတော။" **(ဝိမတိ၊ဋီ။၁၊၃၄၀။ ဝိနယာလင်္ကာရဋီ။ ၁၊၁၅၂။)**

"ထိုကြောင့်သာလျှင် ပြုအပ်သော သိက္ခာပုဒ်ကို လွန်ကျူးခြင်းရှိကုန်သော ဥပုသ်ပြုရာအစရှိသည်တို့ကို ဝင်လာကုန်သော အရှက်မရှိသော ပုဂ္ဂိုလ်တို့ကို သင်တို့သည် ခန္ဓာကိုယ်ဒွါရ၌ လည်းကောင်း၊ စကားဒွါရ၌ လည်းကောင်း လွန်ကျူးခြင်းကို ပြုကြကုန်၏။" ဤသို့အစရှိသည်ဖြင့် ရဟန်းတို့သည် ဆိုအပ်ကုန်သည် ဖြစ်ကုန်၏။ အကြင်သို့ ဆုံးမတိုင်းလည်း မတည်ကုန်သည်ရှိသော် သံဃာမှ အပပြုခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် ကောင်းစွာ နှိပ်အပ်ကုန်၏။ ထိုသို့သော အခြင်းအရာဖြင့် မပြုမူ၍ ထိုအလဇ္ဇီ (အရှက်မရှိသောပုဂ္ဂိုလ်)တို့နှင့်တကွ ပေါင်းဖော်သောရဟန်းတို့သည်လည်း အရှက်မရှိသူတို့သည်သာလျှင် ဖြစ်ကုန်၏။ အဘယ်နည်း။ "အရှက် မရှိတတ်သော ရဟန်းတစ်ပါးသည် အရှက်မရှိတတ်သော ရဟန်း အပါး ၁၀၀ လုပ်မည်" အစရှိသည်ဖြင့် ဆိုခြင်းကြောင့်တည်း။" (ဝိမတိဝိနောဒနီဋီကာနိဿယ ပထမတွဲ၊ စာ ၇၃၃-၇၃၄။နှင့်အညီ ဘာသာပြန်ထားပါသည်။)

ပိုက်ဆံကိုင်ခြင်းကို ကာကွယ်တဲ့ ရဟန်းများဟာ ဝိနည်းဆောင် ရဟန်းတော်တွေကို မြို့နယ်မှာ သိမ်သမုတ်ခွင့် မပေးပါဘူး (လှည်းကူးမြို့နယ်မှာ ဒါ ဖားအောက်ဆရာတော်အတွက် ဒီနေ့ထိ ဖြစ်နေတဲ့ ကိစ္စလို့ ကြားရပါတယ်၊) ဝိနည်းဆောင်ရဟန်းတော်တွေကို ဒုတ်နဲ့ရိုက်ပြီး ခေါင်းခွဲကြပါတယ် (အဖြစ်အပျက်ဟာ ကလေးဒေသမှာ ဖြစ်ခဲ့ပါတယ်)၊ သတ်မယ်ဆိုပြီး ခြိမ်းခြောက်တတ်ပါတယ် (နေပြည်တော် အရှင်ဩဘာသကို အဲ့လို ခြိမ်းခြောက်တာ ကြားရပါတယ်၊) ဝိနည်းလိုက်နာအောင် ဒကာ ဒကာမတွေကို ဆုံးမတဲ့ ဆရာတော်ကြီးတွေကို ပိုက်ဆံကိုင်ခြင်းကို ကာကွယ်တဲ့ ရဟန်းတွေက အစုကြီး စုထားပြီး ရဟန်းပရိသတ်နဲ့အတူ ရိုက်ပုတ်ထားပါတယ် (အဖြစ်အပျက်က ရောဝတီတိုင်မှာ အုပ်ဖိုရ်ဆရာတော်ကြီး သာသနာပြုစဉ် ဖြစ်ခဲ့ပါတယ်။

ပိုက်ဆံကိုင်တဲ့ ရဟန်းတွေရဲ့ ကျောင်းတွေကို ဝိနည်းဆောင်ရဟန်းတွေက အာပတ်မသင့်အောင် ဝင်တောင် မဝင်ချင်ပါဘူး၊ အတူတူ ပါတိမောက် မလုပ်ချင်ပါဘူး၊ အတူတူ မဆက်ဆံချင်ပါဘူး။ ပိုက်ဆံကိုင်တဲ့ ရဟန်းတွေကလည်း ဝိနည်းဆောင်ရဟန်းတွေကို မိမိ ဘုန်းကြီးကျောင်းတွေမှာ နေခွင့် မပေးချင်ပါဘူး၊ အတူတူ မဆက်ဆံချင်ပါဘူး။ ခွဲမှ အဆင်ပြေပါတယ်။ ဝိနည်းဆောင်ရဟန်းတော်ကို ဝိနည်းဆောင်ရဟန်းတွေရဲ့ကျောင်းမှာပဲ

သီတင်းသုံးအောင် ပို့ထားပါတယ် ပိုက်ဆံကိုင်တဲ့ ရဟန်းရဲ့ကျောင်းမှာ ဝိနည်းဆောင်ရဟန်းတွေက နေလို့ အဆင်မပြေဘူးလို့ ယူဆကြပါတယ်၊ ဆုံးမကြပါတယ်။

ဒီအကြောင်းတွေကြောင့် မြတ်စွာဘုရားရဲ့ ဝိနည်းတော် အဆုံးအမအတိုင်း မနေချင်ပါဘူး၊ တခြား အဆုံးအမ၊ ဆန့်ကျင်ဘက် အဆုံးအမကို လိုက်နာပြီး မြတ်စွာဘုရားရဲ့ တရားတော်နဲ့အညီ မနေချင်ပါဘူး။ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို တလွဲ လုပ်ပြီး တချို့ စည်းကမ်းတွေကို အလေးမထားရဘူးလို့ တပည့်တွေကို ဆုံးမထားပြီး ဝိနည်းဆောင်ရဟန်းတွေမှ သံဃာအသင်း ခွဲထားပါတယ်။ အရှင် ဒေဝဒတ္တက ပွင့်ပွင့်လင်းလင်း ပြောထားသလို မဟုတ်ဘဲ ပိုက်ဆံကိုင်တဲ့ ရဟန်းတွေက မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို မလိုက်နာချင်ပေမဲ့၊ လိုက်နာအောင် မိမိ တပည့်တွေကို မနှိုးဆော်ပေမဲ့ မြတ်စွာဘုရားရဲ့ တရားနဲ့အညီ မနေတော့ဘူး တခြားနည်းနဲ့လုပ်တယ်ဆိုတာကိုတော့ ပွင့်ပွင့်လင်းလင်း မပြောတတ်ကြပါဘူး။ အဲ့ဒါကြောင့် ဒေဝဒတ်ထက်ပိုဆိုးတယ်လို့ ဥပမာ ဥပမေယျ သုတ်ပရိယာယ်ဖြင့် ဆိုထားပါတယ်။

မြတ်စွာဘုရားရဲ့ တရားတော်ကို မလိုက်နာချင်ဘဲ၊ မိမိ တပည့် ရဟန်း ကိုရင်တွေကို လိုက်နာအောင် မဆုံးမပဲ တခြား ဝိနည်းဆောင်ထားလို့ ထေရဝါဒဗုဒ္ဓဘာသာကို ကာကွယ်တဲ့ ရဟန်းတွေအဖြစ် သတ်မှတ်လို့ မရပါဘူး၊ ဥပမာ ဥပမေယျဖြင့် မဟာယာနအဖြစ် သတ်မှတ်ထားပါတယ်။ ထေရဝါဒကို ကာကွယ်ချင်တယ်ဆိုရင် မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း နေအောင်ကြိုးစားပြီး မိမိ တပည့် ရဟန်း ကိုရင်တွေကို လိုက်နာအောင်ပဲ ဆုံးမရပါတယ် မကျူးလွန်အောင် ဆုံးမရပါတယ်။ ပထမ၊ ဒုတိယ၊ တတိယ သင်္ဂါယနာမှာ ဆုံးဖြတ်ချက်နဲ့အညီ မလိုက်နာဘဲ တခြားနည်းနဲ့ နေရတဲ့အတွက် မဟာယာနလို့ ဥပမာ ဥပမေယျဖြင့် ပြောဆိုခြင်းကို ပညာရှိများက နားလည်လိမ့်မယ်။

(၃) ငွေကိုင်ခြင်းထက် အန္တရာယ်ကြီးသောအပြစ် ဝိနည်းတွင် မရှိတော့ကြောင်း

ဒီနေရာမှာ အရှင်သရဏသည် သာသနာတော်အတွက် အန္တရာယ်ကို ဆိုလိုပါသည်။ အထက်မှာ ပြောပြထားတဲ့ အချက်အလက်များမှ ရှင်းလင်းလိမ့်မည်။ ပိုက်ဆံကိုင်တဲ့ ရဟန်းများက အမှတ်တမဲ့ သာသနာအသင်းခွဲတယ်၊ အမှတ်တမဲ့ ဒကာ ဒကာမများကို (ရဟန်းတော်ကို ပိုက်ဆံကပ်လို့ ကောင်းတယ်စသဖြင့်) ဖျက်ဆီးတယ်၊ မိမိတပည့် ကိုရင်၊ ရဟန်းများကိုလည်း ပိုက်ဆံကိုင်ခြင်းအတွက် ကိုယ်ဘာသာ အတုယူစရာလည်း ဖြစ်ပါတယ် ကိုင်လည်း ကိုင်ခိုင်းပါတယ်။ ပိုက်ဆံကိုင်ခြင်းမှာ တခြား အာပတ်နဲ့ မတူဘဲ ကိုယ်အတွက်ဘဲ အန္တရာယ်မဖြစ်ဘဲ သာသနာတော်အားလုံးအတွက် အန္တရာယ် ဖြစ်ပါတယ်။ ပိုက်ဆံကို ကိုင်ပြီး မြေဝယ်တာ၊ ကျောင်းဝယ်တာ စသည်တို့ကြောင့် နိဿဂ္ဂိ ပစ္စည်းများလာပြီး ပိုက်ဆံကိုင်တဲ့ ရဟန်းတော်က ဘာမှ မလုပ်ဘဲ ဒီတိုင်းနေခြင်းဖြင့် အဆက်မပြတ် အာပတ် ကျူးလွန်နေရသည်၊ သူနဲ့ ပတ်သက်တဲ့ ရဟန်းများကလည်း အမှတ်တမဲ့ အာပတ်များ ကျူးလွန်ရပါသည်။

ပိုက်ဆံကိုင်ခြင်းဟာ နိဿဂ္ဂိအာပတ်ပဲ ဖြစ်ပါတယ်ဆိုပြီး ရဟန်းများက မကြောက်ပါဘူး၊ အားနည်းချက်ကို မမြင်ပါဘူး။ ပြီးရင် ပိုက်ဆံကိုင်လို့ သံဃာအသင်းခွဲသွားပြီး၊ လဇ္ဇီပေသလ ရဟန်းကောင်းများကို ဒုက္ခပေးရတဲ့အခါ

အပြစ်ကို မမြင်တတ်ပါဘူး။ ပိုက်ဆံမကိုင်အောင် ဆုံးမတဲ့ ရဟန်းတွေကို ဒုတ်နဲ့ ရိုက်တယ်၊ သတ်လည်း သတ်ကြပါတယ်လို့ အရှင်သရဏက ကြားဖူးပါတယ်။

ပါရာဇိက၊ သံဃာဒိသေသ အာပတ်တွေကို မကျူးလွန်အောင် ရဟန်းတော်များက ဒကာ ဒကာမတွေကို မြတ်စွာဘုရားရဲ့တရားတော်နဲ့အညီ ဟောရင် ပါရာဇိက၊ သံဃာဒိသေသအာပတ်များကို ကျူးလွန်တဲ့ ရဟန်းများက စိတ်မဆိုးကြပါဘူး၊ ဝိနည်းဆောင် ရဟန်းများကို ဒုက္ခမပေးကြပါဘူး၊ ခုံရုံးမတင်ကြပါဘူး။ ပိုက်ဆံ မကိုင်ရပါဘူး၊ ဒကာ ဒကာမတွေက ပိုက်ဆံကို လက်ထဲမှာ ဒီတိုင်းဖြစ်စေ၊ စာအိတ်ထဲမှာဖြစ်စေ၊ ဆေး၊ ကား၊ ပရဟိတအတွက် ဖြစ်စေ ရဟန်းတော်တွေကို မကပ်ရဘူး ကပ္ပိယဆီမှာပဲ အကြောင်းအကျိုး ပြောပြပြီး အပ်ထားလို့ပဲ ရပါတယ်ဆိုပြီး ပိုက်ဆံကိုင်တဲ့ ရဟန်းတွေက ဝိနိစ္ဆယခုံရုံးတင်ချင်ကြပါတယ်၊ ပိုက်ဆံကိုင်တဲ့ ရဟန်းတွေကို စုထားပြီး ဝိနည်းဟော ရဟန်းတော်ကို ရိုက်ကြတယ်၊ သတ်မယ်ဆိုပြီးလည်း ခြိမ်းခြောက်ကြပါတယ်၊ ရပ်ကွက်ထဲမှာ သိမ် ဆောက်ခွင့်မပေးကြပါဘူး၊ ဘုန်းကြီးကျောင်းမှ ဆရာတော်က သီတင်းသုံးခွင့်ပေးပေမဲ့ အရာရှိရဟန်းတော်က သီတင်းသုံးခွင့် တားမြစ်ထားပါတယ်။

ပါရာဇိက၊ သံဃာဒိသေသ အာပတ်များဟာ အများအားဖြင့် ကိုယ်အတွက်ပဲ အန္တရာယ် ဖြစ်ပါတယ်။ ပိုက်ဆံကိုင်ခြင်းဟာ သာသနာတော်အားလုံးအတွက် အန္တရာယ်ဖြစ်လို့ ပိုပြီး လေးနက်ပါတယ်။

ကာမဂုဏ်မှ ဝေးကွာသွားတဲ့ ရဟန်းတော်အတွက် ပိုက်ဆံကိုင်ခြင်းသည် အန္တရာယ်အလွန်ကြီးမားပါသည်။ အဲ့လိုမျိုး မသိမသာ တိုးပွားလာတဲ့ အန္တရာယ် တခြား အာပတ်မှာ မြတ်စွာဘုရား မိန့်တော်မမူပါဘူး။ မြတ်စွာဘုရားက ဒါကြောင့် မိန့်တော်မူပါတယ် -

<u>"ယဿ ခေါ၊ ဂါမဏိ၊ ဇာတရူပရဇတံ ကပ္ပတိ၊ ပဉ္စပိ တဿ ကာမဂုဏာ ကပ္ပန္တိ။ ယဿ ပဉ္စ ကာမဂုဏာ ကပ္ပန္တိ၊ ဧကံသေနေတံ၊ ဂါမဏိ၊ ဓာရေယျာသိ အဿမဏဓမ္မော အသကျပုတ္တိယဓမ္မော"</u> **(သံ၊၂၊၅၀၉။)**

"ရွာသူကြီး ရွှေငွေကို အပ်သောသူအား ကာမဂုဏ် ငါးပါးတို့သည် အပ်ကုန်၏၊ ကာမဂုဏ်ငါးပါး အပ်သော သူကို စင်စစ်အားဖြင့် ရဟန်းသဘော မရှိ၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏ တပည့်သား သဘောမရှိ ဟု မှတ်လေလော့။" **(သံယုတ္တနိကာယ် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် PDF စာ ၃၃၁။)**

(၄) ငွေကိုင်သောရဟန်းများအားလုံးသည် သာသနာဖျက်များဖြစ်ကြောင်း။

အရှင်သရဏသည် အားလုံးဆိုတဲ့ စကားလုံးနဲ့ မပြောဖူးပါဘူးလို့ ယုံကြည်ပါတယ်။ ပြောဖူး ရေးဖူး ရင် သက်သေသာဓကေ ပြသင့်ပါတယ်။ ငွေကိုင်တဲ့ ရဟန်းတွေက ငွေကို ကိုင်ကိုင်ချင်း သာသနာတော်ကို မဖျက်ဆီးပါဘူး၊ ငွေကိုင်လို့ ရတယ်ဆိုပြီး ဆင်ခြေ အမျိုးစုံပေးပြီး မိမိ ကိုရင်၊ ရဟန်းတွေကိုလည်း ငွေကိုင်အောင် သင်ပေးထားပြီး သာသနာဖျက်ဆီးတာပါပဲ။ သိက္ခာကို မလေးစားရင် သာသနာတော်ကို ဖျက်ဆီးပါတယ်လို့ အင်္ဂုတ္တိုရ်နိကာယ် ကိမိလသုတ်များမှ သိရပါတယ်။ မလေးစားဘူးဆိုတာ မလိုက်နာတာကို ပြောတာ။ ဆိုပါစို့ ဆရာတော်တစ်ပါးက တပည့်ကို မိန့်တော်မူပါတယ် - "ပြတင်းပေါက် ပိတ်ပါ။" တပည့်က ဖြေမယ် - "တင်ပါ့

ဘုရား" ဒါပေမဲ့ ပြတင်းပေါက် မပိတ်ပါဘူး။ အဲ့လိုဆိုရင် ဘယ်လိုမှ အဆင်မပြေပါဘူး။ သိက္ခာကို လေးစားတယ်ဆိုတာ ဝိနည်းသိက္ခာပုဒ်အားလုံးကို အသက်နဲ့လဲပြီး လိုက်နာရမည်။ တခြားနည်းနဲ့ လုပ်ရင်၊ အလဇ္ဇီလုပ်ရင် သာသနာတော်ကို ဖျက်ဆီးတာပဲ။ ဖျက်ဆီးတဲ့ပုံကို မေးခွန်း (၂) နှင့် (၃) အတွက် အဖြေတွေမှာ ရှင်းပြထားပါတယ်။

(၅) ငွေကိုင်သောရဟန်းများသည် ထေရဝါဒမဟုတ် မဟာယာန များသာဖြစ်ကြောင်း၊

ဒီမှာ ပိုက်ဆံကိုင်တဲ့ ထေရဝါဒ ရဟန်းများရဲ့ ဝိနည်းလေးစားမှုကို မဟာယာန ရဟန်းများရဲ့ ဝိနည်းလေးစားမှုနှင့် နှိုင်းယှဉ်တာပါပဲ။ ကမ္မဝါဖတ်ခြင်း၊ သိမ်သမုတ်ခြင်းမှာ မှန်ကန်ခြင်း၊ ဟောပြောခြင်းနဲ့ မဆိုင်ပါဘူး။ ထေရဝါဒ ရဟန်းတွေက ထေရဝါဒ ရဟန်းသိမ်တက်တဲ့ ရှုထောင့်မှ မဟာယာနနဲ့ မတူနိုင်ပါဘူး၊ မဟာယာနလည်း ဝိနည်းစည်းကမ်းကျူးလွန်ခြင်းဖြင့် မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ပိုက်ဆံကိုင်တဲ့ ရဟန်းတွေက ဝိနည်းတော်ကို မလေးစားတဲ့အတွက်၊ ဝိနည်းဆောင်ရဟန်းတော်တွေနဲ့အတူ မနေနိုင်တဲ့အတွက်၊ ဝိနည်းဆောင်ရဟန်းတော်တွေနဲ့အတူ ပါတိမောက် စသည် မပြုရတဲ့အတွက် မဟာယာနနဲ့ တူပါတယ်။

ပိုက်ဆံကိုင်တဲ့ ရဟန်းတွေက မဟာယာနရဟန်းတွေနဲ့ အထူးသဖြင့် မတူတဲ့ ကိစ္စမှာ ပိုက်ဆံကိုင်တဲ့ ရဟန်းတော်တွေက ပိုက်ဆံကို အပြီးစွန့်လွှတ်ပြီး နိဿဂ္ဂိ ပိုင်ဆိုင်မှု အားလုံးကို လူပုဂ္ဂိုလ်တစ်ယောက်ဆီမှာ အပြီးစွန့်လွှတ်ပြီး ဒေသနာကြားပြီး တစ်သက်လုံး ဝိနည်းသိက္ခာပုဒ် အားလုံးကို အပြည့်အစုံ အဆက်မပြတ် လိုက်နာမယ်လို့ ဆုံးဖြတ်ထားပြီး အဲ့ဒီနေ့မှာတောင် အမြင့်မြတ်ဆုံး ရဟန္တာ ရဟန်းမြတ် ဖြစ်နိုင်ကြပါတယ်။

<u>နောက်ဆက်တွဲ</u>

<u>(က) ပိုက်ဆံကိုင်တဲ့ ရဟန်းများဟာ ငရဲကျမယ်လို့ ဟောပြောခြင်းအကြောင်း</u>

ပိုက်ဆံကိုင်တဲ့ ရဟန်းတွေက အပါယ်ကျမယ်ဆိုတာကို အရှင်သရဏသည် ဖားအောက်ဆရာတော်ရဲ့ စာတစ်စောင်မှာ တွေ့ဖူးပါတယ်။ ဆရာတော်ကြီး ပေးထားတဲ့ အကိုးအကား သာရတ္ထဒီပနီ ဋီကာ၊ အတွဲ ၃ စာ ၃၇၄။ ငရဲနဲ့ပတ်သက်တာတော့ အဲ့ဒီမှာ ရှာမတွေ့ရပါဘူး။ ဒါပေမဲ့ ပါပဘိက္ခု (အကျင့်ယုတ်သော ရဟန်း)ဆိုရင် ငရဲလည်း ကျမယ် မီးလောင်ပြိတ္တာဖြစ်မယ်ဆိုတာကို (ဝိနယပိဋက - ၁. ပါရာဇိကကဏ္ဍံ - ၄. စတုတ္ထပါရာဇိကံ - စာပိုဒ် ၂၃၀။ ဝိ၊၁၊ ၁၄၈ မှာ) အရှင်မောဂ္ဂလ္လာနက နတ်မျက်စိဖြင့် တွေ့ရခြင်းကို မြတ်စွာဘုရား ရှင်းပြတော်မူပါတယ်။

<u>"ဣဓာဟံ၊ အာဝုသော၊ ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ ဘိက္ခုံ ဝေဟာသံ ဂစ္ဆန္တံ။ တဿ သင်္ဃာဋိပိ အာဒိတ္တာ သမ္ပဇ္ဇလိတာ သဇောတိဘူတာ၊ ပတ္တောပိ အာဒိတ္တော သမ္ပဇ္ဇလိတော သဇောတိဘူတော၊ ကာယဗန္ဓနမ္ပိ အာဒိတ္တံ သမ္ပဇ္ဇလိတံ သဇောတိဘူတံ၊ ကာယောပိ အာဒိတ္တော သမ္ပဇ္ဇလိတော သဇောတိဘူတော။ သော သုဒံ အဋ္ဋဿရံ ကရောတိ။" အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ - "စက္ခုဘူတာ ဝတ, ဘိက္ခဝေ, သာဝကာ ဝိဟရန္တိ။</u>

ဉာဏာဘူတာ ဝတ, ဘိက္ခဝေ, သာဝကာ ဝိဟရန္တိ။ ယတြ ဟိ နာမ သာဝကော ဧဝရူပံ ဉဿတိ ဝါ ဒက္ခတိ ဝါ သက္ခိံ ဝါ ကရိဿတိ။ ပုဗ္ဗေဝ မေ သော ဘိက္ခဝေ သတ္တော ဒိဋ္ဌော အဟောသိ။ အပိ စာဟံ န ဗျာကာသိံ။ အဟဉ္စေတံ ဗျာကရေယျံ ပရေ စ မေ န သဒ္ဒဟေယျုံ။ ယေ မေ န သဒ္ဒဟေယျုံ တေသံ တံ အဿ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ။ ဧသော, ဘိက္ခဝေ, ဘိက္ခု ကဿပဿ သမ္မာသမ္ဗုဒ္ဓဿ ပါဝစနေ ပါပဘိက္ခု အဟောသိ။ သော တဿ ကမ္မဿ ဝိပါကေန ဗဟူနိ ဝဿာနိ ဗဟူနိ ဝဿသတာနိ ဗဟူနိ ဝဿသဟဿာနိ ဗဟူနိ ဝဿသတသဟဿာနိ နိရယေ ပစ္စိတွာ တဿေဝ ကမ္မဿ ဝိပါကာဝသေသေန ဧဝရူပံ အတ္တဘာဝပဋိလာဘံ ပဋိသံဝေဒေတိ။"

(ဝိ၊၁၊၁၄၄,၁၄၇။)

"ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော ရဟန်းကို မြင်ရ၏၊ ထိုရဟန်း၏ ဒုကုဋ္ဌ 'နှစ်ထပ်သင်္ကန်း' သည်လည်း ပြောင်ပြောင် တောက်လောင်၏၊ ထက်ဝန်းကျင်အလျှံနှင့်တကွ ဖြစ်၏၊ အရောင်အလင်းနှင့်တကွ ဖြစ်၏၊ ဥပိတ် သည်လည်း ပြောင်ပြောင်တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွ ဖြစ်၏၊ အရောင် အလင်း နှင့်တကွ ဖြစ်၏၊ ခါးပန်းကြိုးသည်လည်း ပြောင်ပြောင်တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွ ဖြစ်၏၊ အရောင်အလင်းနှင့်တကွဖြစ်၏၊ ခန္ဓာကိုယ်သည်လည်း ပြောင်ပြောင်တောက်လောင်၏၊ ထက်ဝန်းကျင်အလျှံနှင့်တကွ ဖြစ်၏၊ အရောင် အလင်းနှင့်တကွ ဖြစ်၏၊ ထိုရဟန်းသည် နာကျင်သော အသံကို ပြု၏။" ... "ရဟန်းတို့ တပည့်သာဝကတို့သည် မျက်စိအမြင်ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား၊ ရဟန်းတို့ တပည့်သာဝကတို့သည် ဉာဏ်အမြင်ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား၊ အကြင်သို့သော တပည့်သာဝက ပင်လျှင် ဤသို့သော သတ္တဝါကို သိလည်းသိနိုင်တုံဘိ၏၊ မြင်လည်း မြင်နိုင်တုံဘိ၏၊ သက်သေကိုသော် လည်းကောင်း ပြုနိုင်တုံဘိ၏။ ရဟန်းတို့ ရှေးကပင် ထိုသတ္တဝါကို ငါဘုရားမြင်ခဲ့ဖူးပြီ၊ သို့သော်လည်း ငါသည် မပြောဆိုခဲ့ပေ၊ ငါသည် ထိုအကြောင်းကို ပြောဆိုခဲ့ပါမူ သူတစ်ပါးတို့သည် ငါ့အား မယုံကြည်နိုင်ကြပေရာ၊ ငါ့ကို မယုံကြည်သူတို့အား ထို မယုံကြည်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်လေရာ၏၊ ရဟန်းတို့ ထိုရဟန်းသည် ကဿပ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းယုတ် ဖြစ်ခဲ့ဖူးလေပြီ။ ထိုရဟန်းသည် ထိုကံ၏ အကျိုးဖြင့် များစွာသော နှစ်တို့ပတ်လုံး များစွာသော နှစ်အရာတို့ပတ်လုံး များစွာသော နှစ်အထောင်တို့ ပတ်လုံး များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျခဲ့၍ ထိုကံ၏ အကျိုးကြွင်းဖြင့်ပင် ဤသို့သော အတ္တဘောကို ရရှိခံစားနေရ၏။" (ဝိနည်းပိဋ္ဌက ပါရာဇိကဏ်ပါဠိတော် မြန်မာပြန်၊ စာ ၁၆၇,၁၆၉။)

အဋ္ဌကထာ အဖွင့်အတိုင်း -

"ပါပဘိက္ခူတိ လာမကဘိက္ခု။ သော ကိရ လောကဿ သဒ္ဓါဒေယျံ စတ္တာရော ပစ္စယေ ပရိဘုဉ္ဇိတွာ ကာယဝစီဒွါရေဟိ အသံ ယတော ဘိန္နာဇီဝေါ စိတ္တကေဠိံ ကီဠန္တော ဝိစရိ။ တတော ဧကံ ဗုဒ္ဓန္တရံ နိရယေ ပစ္စိတွာ ပေတလောကေ နိဗ္ဗတ္တန္တော ဘိက္ခုသဒိသေနေဝ အတ္တဘာဝေန နိဗ္ဗတ္တိ။" **(ဝိ၊၂၊၁၀၀။)**

ရဟန်းတော်က လှူဖွယ်ပစ္စည်းအစုစုတို့ကို အသုံးပြုပြီး ကိုယ်နဲ့နှုတ်မှာ စောင့်စည်းမှု မရှိဘဲ မြတ်စွာဘုရားရဲ့ တရားတော်နဲ့အညီ မနေဘဲ စိတ်ကြိုက် မြူးထူးပျော်ပါးပြီး နေခဲ့လို့ သူ့ကို ပါပဘိက္ခုလို့ ခေါ်ပါတယ်။ အဲ့လိုမျိုးရဟန်းဟာ နောက် မြတ်စွာဘုရားသက်တော်ထင်ရှားဖြစ်တဲ့အချိန်အထိ ငရဲမှာ ကျိုချက်ပြီး ပြိတ္တာဘဝ ရမှာပါ။ ရဟန်းအသွင်အပြင်နဲ့ ပြိတ္တာလောကမှာ ဘဝရသေးတယ်။

ပါပဘိက္ခုဆိုတဲ့ စကားလုံးအတွက် နောက်ထပ် ရှင်းပြချက်ကို ပါဠိစာပေမှာ တွေ့ရပါတယ်။ (တခြားနေရာမှ ရှင်းပြချက်ကို မဖယ်သင့်ပါဘူး။ ဆိုပါစို့ သတိပဋ္ဌာန စကားလုံးကို အဋ္ဌကထာမှာ မရှိတဲ့ သတိ+ဥပဋ္ဌာနဖြင့်လည်း ရှင်းပြလို့ အဆင်ပြေသလို) ပါဠိစာပေမှာ တွေ့ရတဲ့ တခြား ရှင်းပြချက်တွေကို အလေးထားသင့်ပါတယ်။

"ပါရာဇိကံ အနာပန္နော ဣတ္တရာစာရေ ဌိတော ခုဒ္ဒါနုခုဒ္ဒကာနိ သိက္ခာပဒါနိ မဒ္ဒိတွာ ဝိစရန္တော 'ပါပဘိက္ခူ'တိ အဓိပ္ပေတော။" **(ဝိ၂၊၇၄။)**

ပါရာဇိက မကျဘဲ အာပတ် အသေးလေးတွေကို လျစ်လျူရှုပြီး နေရင် ပါပဘိက္ခုလို့ ခေါ်ပါတယ်။

ဓမ္မပဒအဋ္ဌကထာ ဧရကပတ္တနာဂရာဇဝတ္ထုကို ဒီမှာ တိုတိုလေး ပြသင့်ပါတယ်။ "ကဿပဘုရားရှင်၏ သာသနာဝင် ရဟန်းငယ်တစ်ပါးသည် ထိုအချိန်က လူ့သက်တမ်းအရ အနှစ် နှစ်သောင်းတိုင် တရား အားထုတ်ခဲ့သည်။ တစ်နေ့တွင် ဂင်္ဂါမြစ်တွင်း၌ လှေစီး၍သွားစဉ် ပြိန်းမြက်ပင် တစ်ပင်ကို ဆွဲကိုင်ထားမိသည်။ လှေထွက်သွားသော် မလွှတ်ဘဲ ဆွဲကိုင်မိ၍ ပြိန်းမြက်ပင် ပြတ်သွားသည်။ ရဟန်းဟူသည် မြက်ပင်၊ သစ်ပင် စသည်တို့ကို မခုတ်၊ မချိုင်၊ မချိုးရပေ။ ခုတ်၊ ချိုင်၊ ချိုးလျှင် အာပတ်သင့်သည်။ ထိုရဟန်းသည် သင့်ခဲ့သော အာပတ်ကို သေးငယ်သော အပြစ်ဟု သဘောထားလျက် အာပတ်ဖြေကြားခြင်း မပြုခဲ့။ ပျံလွန်တော်မူခါနီး၌ သင့်ခဲ့သော အာပတ်ကို သတိရ၍ ဒေသနာကြားရန် ကြိုးစားသည်။ သို့သော် အနီးအနား၌ ဒေသနာယူမည့် အခြားရဟန်းမရှိ၍ "ငါ၏ သီလ စင်ကြယ်ခြင်း မရှိ"ဟု နှလုံးမသာမယာဖြင့် ပျံလွန်တော်မူသွားသည်။ ထိုရဟန်းသည် ပျံလွန်တော်မူပြီးနောက် ဂင်္ဂါမြစ်တွင်း၌ လောင်းလှေပမာဏရှိ ဧရကပတ္တ (ဧရက-ပြိန်းမြက်၊ ပတ္တ- အရွက်) နဂါးမင်း ဖြစ်သွားရသည်။" (ဦးအောင်ညွန့်ဝင်း၏ "ပုံတော်စုံ ဓမ္မပဒ ဝတ္ထုတော်ကြီး အနှစ်ချုပ်" စာ ၄၂၀၊ PDF စာ ၄၆၈။)

ဒီဓမ္မပဒဝတ္ထုကို လယ်တီဆရာတော်ကြီး အခြေခံ ပြုပြီး ဒီလို ရှင်းပြထားပါတယ် - "ကဿပမြတ်စွာဘုရား သာသနာ၌ ဖြစ်ကြကုန်သော ဘိက္ခုဒုဿီလ ဘိက္ခုနီဒုဿီလ သာမဏေဒုဿီလ သာမဏေမဒုဿီလတို့သည် စုတေသည်၏အခြားမဲ့၌ ဂိဇ္ဈကုဋ်တောင်မှာ ဘိက္ခုအသွင် ဘိက္ခုနီအသွင် သိက္ခမာန်အသွင် သာမဏေအသွင် သာမဏေမအသွင်နှင့် ပြိတ္တာတွေ ဖြစ်ကြ၍ ငါတို့ဘုရားလက်ထက်တိုင် မကျွတ်နိုင်ကြပဲ ရှိနေကြသော ဝတ္ထုတို့သည် နိဒါနဝဂ္ဂလက္ခဏ သံယုတ်ပါဠိတော်, ဝိနည်းစတုတ္ထပါရာဇိက ဝိဘင်းပါဠိတော်တို့မှာ ထင်ရှားစွာ လာရှိသည်။ ကြွင်းသော အာပတ်ခြောက်ပုံကို စိတ်စေတနာနှင့်တကွ ကျူးလွန်၍ မကုမစားနေသော အလဇ္ဇီ၏အပြစ်မှာ ထိုအာပတ်ကို မကုစားသမျှကာလပတ်လုံး ပညတ္တိဝီတိက္ကမန္တရာယ်ငြိ၏၊ စျာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏၊ သေလျှင် အပါယ်ဂတိမြဲ၏။" (လယ်တီဆရာတော်ဘုရားကြီး၏ ဓမ္မဒီပနီ၊ စာ ၁၀၅၊ PDF စာ ၁၁၇။)

ရဟန်းတော်များက ပိုက်ဆံကိုင်ရင် ဒကာ ဒကာမတွေကိုလည်း ပိုက်ဆံကပ်ခွင့်ပေးရင် ဒကာ ဒကာမတွေကိုရော သာသနာတော်ကိုရော ဖျက်ဆီးမိပါတယ်။ သာသနာတော်ဟာ ဝိနည်းပေါ်မူတည်ပြီး သက်တမ်းရှည်တယ်ဆိုရင် ရဟန်းတော်တွေက ကိုယ့်ကိုယ်ကိုယ်လည်း ဝိနည်းမှာ ကျင့်ရပါတယ်၊ ဒကာ ဒကာမတွေကိုလည်း ဝိနည်းနဲ့အညီ အပ်စပ်တဲ့ ပစ္စည်း အပ်စပ်တဲ့ နည်းနဲ့ လှူအောင် သင်ပေးရပါတယ်။ မသင်ပေးရင်၊ ကျူးလွန်ခြင်းမှာ အားပေးရင် သာသနာတော်ကို ဖျက်ဆီးမိပါတယ်။ သာသနာတော်ကို ဖျက်ဆီးရင် အပါယ်ကျမယ်လို့ စာပေမှ သိရပါတယ်။

"သကိံ ပီတံ ဟလာဟလံ၊ ဥပရုန္ဓတိ ဇီဝိတံ၊

သာသနေန ဝိရုဇ္ဈိတွာ၊ ကပ္ပကောဋိမှိ ဥယှတိ။" **(ထေရာပဒါန်-၁၊ ၅၁၊ စာပိုဒ်-၅၈၂။)**

တစ်ကြိမ်သောက်အပ်သော အဆိပ်သည် အသက်ကို တစ်ကြိမ်သာ ဖြတ်တတ်၏။ ထိုသူသည် သာသနာတော်နှင့် ဆန့်ကျင်ဘက်ပြုသောကြောင့် ကမ္ဘာကုဋေပေတ်လုံးလည်း လောင်မြိုက်ရ၏။ (ခုဒ္ဒကနိကာယ် ထေရာပဒါန်ပါဠိတော် မြန်မာပြန်၊ PDF စာ ၆၆။)

(ခ) ရဟန်းတော်ကို ဝိနည်းနဲ့မညီ ပိုက်ဆံကပ်တဲ့ ဒကာ ဒကာမတို့က အဲ့လို ကပ်တဲ့အတွက် အကုသိုလ် ဖြစ်မဖြစ် ပြဿနာ

ဝေဘူဆရာတော်ကြီး မိန့်တော်မူတဲ့အတိုင်း ဒကာ ဒကာမတွေက ရဟန်းတော်ကို မအပ်စပ်တဲ့နည်းဖြင့် မအပ်စပ်တဲ့ ပစ္စည်း လှူရင် ဒကာ ဒကာမတွေမှာ အကုသိုလ် စုသွားပါတယ်တဲ့။ ဒီကိစ္စမှာ စဉ်းစားသင့်ပါတယ် - မြတ်စွာဘုရားက ပရိဝါရပါဠိမှ သိရပါတယ် -

<u>ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ - မဇ္ဇဒါနံ, သမဇ္ဇဒါနံ, အတ္ထိဒါနံ, ဥသဘဒါနံ, စိတ္တကမ္မဒါနံ။</u> **(ဝိ၊၅၊၂၀။)**

လောက၌ (ကုသိုလ်) ကောင်းမှုဟု သမုတ်အပ်ကုန်သော်လည်း (ကုသိုလ်) ကောင်းမှု မဟုတ်ကုန်သော အလှူတို့သည် သေရည်သေရက် အလှူ၊ ကခြေသဘင် အလှူ၊ မိန်းမလှူ၊ နွားမ အပေါင်း အလယ်၌ နွားလား 'ဥသဘ'ကို လွှတ်သော အလှူ၊ ပန်းချီဆေးရေး အလှူ အားဖြင့် ငါးပါးတို့တည်း။ (ဝိနည်းပိဋက ပရိဝါပါဠိတော် မြန်မာပြန်၊ စာ ၃၅၃။)

ဝိနည်းကို ကျူးလွန်စေတဲ့အလှူ ဒီမှာ မပါပါဘူး။ အယူအဆ တစ်ခုမှာ သူတစ်ပါးကို အကုသိုလ်လုပ်ခြင်းမှာ ကူညီရင် ကိုယ်အတွက်လည်း အကုသိုလ် ဖြစ်ပါတယ်။ ပါရာဇိကတောင်ကျတတ်ပါတယ်လို့ တတိယပါရာဇိက ဝိနီတဝတ္ထုမှ သိရပါတယ်။ (**ဝိ၊၁၊ ၁၀၇။** ကိုယ်ဝန်ဖျက်အောင် ဆေးပေးခြင်း။) ရဟန်းများသည် ပိုက်ဆံကိုင်ခွင့် ရှိမရှိ သိပါသလားလို့ ဒကာ ဒကာမ အယောက် ၁၀၀၀ လောက်ကို အရှင်သရဏ မေးထားပါတယ်။ ၈၀ ရာခိုင်နှုန်းက သိကြပါတယ်။ ရဟန်းများကို ပိုက်ဆံကပ်ရင် ရဟန်းတွေရဲ့ ဝိနည်းကျူးလွန်မှုကို အားပေးတာ သိကြပါတယ်။

ကုသိုလ်ဆိုရင် သာဓုခေါ်ရင်တောင် ကုသိုလ် ဖြစ်ပါတယ် - ပတ္တာနုမောဒနာ ကုသိုလ်။ အကုသိုလ်ကို အားပေးရင် အကုသိုလ် ဖြစ်တယ်ဆိုရင် ဝိနည်းကျူးလွန်ခြင်းကို အားပေးရင်လည်း အကုသိုလ် ဖြစ်မလားလို့ မေးစရာ ပေါ်လာပါတယ်။ ပေဋကောပဒေသပါဠိမှ အဖြေရပါတယ် -

"ယော စ အကပ္ပိယဿ ပရိဘောဂေန သီလဝန္တေသု ဒေတိ, န တဿ ပုညံ ပဝၶတီတိ သော စေတံ ဒါနံ အကုသလေန ဒေတိ။" **(ပေဋကောပဒေသ ၃၂၅။)**

"သီလရှိသော (ရဟန်းများကို) မအပ်စပ်တဲ့ အသုံးအဆောင် လှူ၏၊ ထိုသူအတွက် ကုသိုလ်မပွားကုန်၊ ထိုအလှူကိုလည်း အကုသိုလ်ဖြင့် ပေး၏။"

မဇ္ဈိမနိကာယ် ဒက္ခိဏာဝိဘင်္ဂသုတ်မှာ တွေ့ရတဲ့အတိုင်း ဒုဿီလ (စည်းကမ်း မလိုက်နာတဲ့ ပုဂ္ဂိုလ်ကို) လှူမယ်ဆိုရင် အကျိုး အဆ ၁၀၀၀ ရမယ်။

"ပုထုဇ္ဇနဒုဿီလေ ဒါနံ ဒတွာ သဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ... သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။" **(မ၊၃၊၂၉၈။)**

"သီလ မရှိသော ပုထုဇဉ်အား အလှူကို ပေးလှူ၍ အလှူ၏ အကျိုးအဆ (ဘ၀) ထောင် မချွတ်ဖြစ် လတ္တံ့။ ... သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ ကျင့်သော ပုဂ္ဂိုလ်အား အလှူကို ပေးလှူ၍ မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော အလှူ၏ အကျိုး မချွတ် ဖြစ်လတ္တံ့။" (မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်၊ စာ ၂၈၅။)

အလှူကို ပေးလှူ၍ ဆိုတာ ရဟန်းတော်ကို ဝိနည်းကျူးလွန်အောင် လှူရင်လည်း အကျိုးအဆ (ဘ၀) အထောင် ရမလား မရဘူးလား ဒီ တရားမှ မရှင်းပါဘူး။ ရဟန်းတော်က ဝိနည်း စည်းကမ်း တမင်တကာ ကျူးလွန်ရင် ဘယ်လိုမှ မဂ်၊ဖိုလ် မရနိုင်ပါဘူး။

"သတ္တပိ အာပတ္တိယော သဉ္စိစ္စ ဝီတိက္ကန္တာ သဂ္ဂန္တရာယဉ္စေဝ မောက္ခန္တရာယဉ္စ ကရောန္တီတိ အန္တရာယိကာ။"
(ဝိ၊ဋ္ဌ။ ၅၊၁၅၇။)

ခုနစ်(မျိုး)ပါးလည်း ဖြစ်ကုန်သော အာပတ်တို့သည် သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်၍ လွန်ကျူးအပ်ကုန်သည်၊ လူ့ဘ၀ နတ်ဘ၀ဟူသော သုဂတိ၏ အန္တရာယ်ကိုလည်းကောင်း၊ နိဗ္ဗာန်၏ အန္တရာယ်ကိုလည်းကောင်း ပြုကုန်၏။ (အရှင်ဇနကာဘိဝံသ၏ ပရိဝါရဘာသာဋီကာ စာ ၅၀၊ PDF စာ ၅၁။နှင့်အညီ ဘာသာပြန်ထားပါသည်။)

အဲ့ဒါကြောင့် ပိုက်ဆံကိုင်တဲ့ ရဟန်းတော်ကို လှူရင် အကောင်းဆုံး အခြေအနေမှာ အများဆုံး အကျိုး အဆ ၁၀၀၀ ပဲ ရနိုင်ပါတယ်။ အဲ့ဒီ ရဟန်းတော်က ရှိသမျှ ပိုက်ဆံကို အပြီး စွန့်လွှတ်ပြီး၊ အရင်က ကိုင်ဖူးတဲ့ ပိုက်ဆံဖြင့် ဝယ်ဖူးသမျှ ပစ္စည်းများအားလုံးကို စွန့်လွှတ်ပြီး ဒေသနာ ကြားပြီးရင် ရဟန်းတော်က သောတာပန်ဖြစ်အောင် ကြိုးစားအားထုတ်လို့ ရပါတယ်။ အဲ့ဒီ အခြေအနေမှာ အဲ့လိုမျိုး ရဟန်းတော်ကို တစ်ခါ လှူရင် အကျိုး မရေတွက်နိုင် မနှိုင်းယှဉ်နိုင်တဲ့ အကျိုး ရမှာပါ။

(ဂ) ပိုက်ဆံကိုင်တဲ့ သံဃာအတွက် ဖြေရှင်းချက် နှင့် အကြံဉာဏ်များ

ပထမ အားဖြင့် ဝိနည်းကို ကျူးလွန်လေ့ရှိခဲ့တဲ့ ရဟန်းတော်ဟာ ဆင်ခြေ မရှာရပါဘူး။ ဝိနည်းစည်းကမ်းကို လိုက်နာအောင် တခြား ရဟန်း (ဝါငယ်သည်ဖြစ်စေ ဝါကြီးသည်ဖြစ်စေ) ဆင်ခြေပေးရင် အာပတ်များလည်း သင့်ပါတယ်၊ များများ ဆင်ခြေပေးရင် သံဃာဒိသေသ နံပါတ် ၁၂ ထိတောင် ရောက်နိုင်ပါတယ်။ ဒါကြောင့် ဆင်ခြေ လုံးဝ မပေးရပါဘူး၊ လိုက်နာအောင် အကြံများကို ဝိနည်းဆောင်ရဟန်းများဆီမှာ မေးရပါတယ်။

အခုထိ ကိုင်နေသမျှ ပိုက်ဆံကို ဒီနေ့အတွင်း အပြီးစွန့်လွှတ်ရပါတယ်။ လူတစ်ယောက်ကို စွန့်လွှတ်ရင် အဆင်ပြေသေးတယ်၊ ရဟန်း၊ ကိုရင်ကို လုံးဝ မစွန့်လွှတ်ရပါဘူး (အကျိုး ပြောင်းပြန် ဖြစ်မှာပါ။) ကိုင်ဖူးတဲ့ ပိုက်ဆံဖြင့် ဝယ်ထားသမျှ မြေ၊ ကျောင်း၊ ရေ၊ မီး၊ ပစ္စည်း အမျိုးစုံကို မိမိ မိဘတို့ကို ဖြစ်စေ ပစ္စည်းလေးပါး ဒကာ၊ဒကာမတို့ကို ဖြစ်စေ အပြီး စွန့်လွှတ်ရပါတယ်။ သူတို့ကို အပြီး စွန့်လွှတ်ပြီးရင်၊ မျှော်လင့်ချက်လည်း လုံးဝ မရှိဘူးဆိုရင် သူတို့ဆီမှ ပြန် အလှူခံလို့ ရပါတယ်။ အဲ့လို အလှူခံထားတဲ့ မြေ၊ ကျောင်း၊ ရေ၊ မီး၊ ပစ္စည်း အမျိုးစုံဟာ အပ်စပ်တဲ့ ပစ္စည်း ဖြစ်သွားပြီး ရဟန်းတော်က ဝိနည်းနဲ့အညီ အာပတ်မှ သန့်သန့်စင်စင် သုံးလို့ ရပါတယ်။ တရားပွဲ၊ ဆွမ်းပင့်တဲ့အခါ၊ တခြား အခြေအနေများမှာလည်း ပိုက်ဆံကို လက်ဖြင့် လက်မခံဘဲ ကပ္ပိယရှိရင် ဘာအတွက် လှူတာလဲ သိပြီး ကပ္ပိယဆီမှာ အပ်ထားသင့်ပါတယ်။ လိုအပ်တာများကို နောက်မှ ကပ္ပိယကို အကြောင်းကြားပေးလို့ ရပါတယ်။ ကပ္ပိယမရှိဘူးဆိုရင် ကိုယ်နဲ့ရင်းနှီးတဲ့ ဒကာ၊ဒကာမတစ်ယောက်ရဲ့ ဖုန်းနံပါတ်ကို အလှူရှင်ကို ပေးပြီး အဲ့ဒီ ဒကာ၊ဒကာမကို ကပ္ပိယအဖြစ် ဆုံးဖြတ်ရပါတယ်။ အလှူရှင်က ဖုန်းမဆက်ချင်ဘူးဆိုရင်၊ အခုပဲ လှူချင်တယ်ဆိုရင် အလှူရှင်ကို ဝိနည်း ပြောပြပေးရပါတယ် - ရဟန်းများက ပိုက်ဆံကို မကိုင်ပါဘူး၊ ကိုင်ရင် မြတ်စွာဘုရားရဲ့ အဆုံးအမတော်နဲ့ အညီ မညီပါဘူး၊ ရဟန်းရဲ့ နိဗ္ဗာန်လမ်းကလည်း ပိုက်ဆံကိုအပြီးစွန့်လွှတ်တဲ့အထိ ပိတ်သွားပါတယ်။

ခရီးသွားမယ်ဆိုရင် ရဟန်းတော်က မြတ်စွာဘုရားခေတ်မှာ မြတ်စွာဘုရားနှင့် ရဟန္တာများက ခြေကျင်လျှောက်သွားခဲ့သလို သွားလို့ ရပါတယ်။ လမ်းမှာ ဒကာ ဒကာမတွေက ကား၊ လိုင်းကား စသည်ကို စီးအောင် လှူချင်ရင် လက်ခံလို့ ရပါတယ်။ မျှော်လင့်ချက်တော့ မထားရပါဘူး။ အဆက်အသွယ် မရပါဘူးဆိုရင် ခြေကျင်လျှောက် သွားရပါတယ်။ အလှူ မရပါဘူးဆိုရင် ဝိနည်းကို မစော်ကားရပါဘူး၊ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို မကျူးလွန်ရပါဘူး။ လောကဓံ ၈ ပါးကို ဥပေက္ခာဖြင့် လက်ခံရပါတယ်။ ဒီနည်းနဲ့အတူ မီးခ၊ စာအုပ်များ၊ အသုံးအဆောင်များ၊ မြေ၊ ကျောင်းဆောင်၊ စားစရာ သောက်စရာ၊ ပရိဘောဂများ စသည်ကို ဒကာ ဒကာမတွေက လှူချင်တဲ့အခါမှာပဲ လက်ခံရပါတယ်၊ လောကဓံ ၈ ပါးကို ဥပေက္ခာဖြင့် လက်ခံရပါတယ်။ မိမိ တပည့် ကိုရင်၊ ရဟန်းတွေကို တရားဝင် ကြေညာချက်ဖြင့် ပိုက်ဆံကိုင်ခြင်းကို အတင်းအကြပ် တားမြစ်ထားရပါသည်။

သာသနာတော်ကို အဓိက ဝိနည်းဖြင့် ပြုရပါတယ် (ဝိနယော နာမ သာသနဿ အာယု။) ပရိယတ္တိကို လေ့လာတဲ့အခါဖြစ်စေ လေ့လာပြီးရင်ဖြစ်စေ ဝိနည်းစည်းကမ်းကို တမင်တကာ ကျူးလွန်တတ်ရင် သူတစ်ပါးနွားတွေကို ရေတွက်သလို ဖြစ်နေပါတယ် -

"ဗဟုမ္ပိ စေ သံဟိတ ဘာသမာနော၊ န တက္ကရော ဟောတိ နရော ပမတ္တော၊

ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ, န ဘာဂဝါ သာမညဿ ဟောတိ။" **(ဓမ္မပဒ ၁၉။)**

"နွားရှင်တို့အား နွားတို့ကို ရေတွက် အပ်နှင်းလိုက်ရသော နွားကျောင်းသားသည် နွားနို့ အရသာကို မခံစားရသကဲ့သို့ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွါးနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို များစွာပြော ဟောနေသော်လည်း မကျင့်မကြံ မေ့လျော့ပေါ့တန်နေသော သူသည် ပြုထိုက်သည်ကို ပြုသည်မမည်၊ မဂ်ဖိုလ် အရသာကို မခံစားရ။" (ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် မြန်မာပြန်၊ PDF စာ ၁၆။)

(ဃ) အရှင်သရဏ (ချက်ခ်ဆရာတော်)

အရှင်သရဏသည် ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် ဥရောပတိုက်၊ ချက်ခ်သမ္မတနိုင်ငံ (Czech Republic) ၌ Jan Šťovíček (ယာန်ရှတော်ဗီချက်) နာမည်နှင့် မွေးဖွားခဲ့သည်။ မိဘများမှာ အဖေ Ivan Šťovíček (အီဘာန် ရှတော်ဗီချက်) နှင့် အမေ Stanislava Viletová (စတာနိစလာဗာ ဗီလေတောဗာ) တို့ဖြစ်ပါသည်။ အရှင်သရဏ၏ ဘိုးဘေး၊ ဘီ၊ ဘင်၊ မိသားစု များသည် မည်သူမှ မြန်မာနိုင်ငံကို မလားဖူးသလို၊ မြန်မာနိုင်ငံသား တစ်ယောက်နှင့်မျှ မသိကျွမ်းခဲ့ပါ။

အရှင်သရဏ၏ အသက် (၅)နှစ်အရွယ်တွင် မိခင်ကွယ်ခဲ့သည်။ ထို့နောက် ပညာသင်ရန် ကျောင်းတက်ခဲ့ရသည်။ အသက် (၁၁)နှစ်မှ (၁၉)နှစ်အထိ ကက်သလစ် အထက်တန်းကျောင်း (Catholic High School)တွင် (၈)နှစ်တိုင်အောင် ဘာသာမျိုးစုံကို လေ့လာခဲ့သည်။ အသက် (၁၅) အရွယ်တွင် ဣဒ္ဓိတန်ခိုးကို စိတ်ဝင်စားခဲ့ပြီး၊ ဣဒ္ဓိတန်ခိုးရလျှင် ဘဝတွင်ပိုပြီးလုံခြုံမည်ဟု ယုံကြည်ခဲ့သည်။ ဣဒ္ဓိတန်ခိုးနှင့် ပတ်သက်သည့် စာအုပ်မျိုးစုံ နှင့် ဝိဇ္ဇာနှင့်ပတ်သက်သော စာအုပ်မျိုးစုံ ကို အမျိုးသားစာကြည့်တိုက်မှ ငှား၍ ဖတ်ခဲ့ပြီး ဣဒ္ဓိတန်ခိုးရသော ပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာ ရဟန်းများဖြစ်ကြောင်းကို တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်အောင်၊ ဗုဒ္ဓဘာသာ ရဟန်းတော်ဖြစ်အောင် ပြုလုပ်မည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။

အရှင်သရဏသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကံတရား၊ နိဗ္ဗာန်တရားနှင့် ပတ်သက်ပြီး ဗုဒ္ဓဘာသာစာအုပ်များစွာကို လေ့လာခဲ့ပါသည်။ ကက်သလစ် အထက်တန်းကျောင်းကို ကောင်းမွန်စွာအောင်မြင်ပြီးချိန်တွင် မိန်းကလေးတစ်ယောက်နှင့် ချစ်ကြိုက်ပြီး ရဟန်းဖြစ်ချင်သော ရည်ရွယ်ချက်မှာ ခေတ္တ မေးမှိန်ခဲ့ရသည်။ ထို့နောက် နှစ်ဖက်မိဘများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပြီး မိဘများ၏ အားပေးကူညီမှုကို ရခဲ့သည်။ ထို့နောက် ချက်ခ်နိုင်ငံ၏ ထုံးတမ်းအစဉ်အလာနှင့်အညီ လက်ထပ်ရန်စေ့စပ်ခဲ့ပြီး အတူနေထိုင်ခဲ့သည်။ ရုပ်မြင်သံကြား ဆက်ကြောင်း (TV Channel), အင်တာနက် ဆက်ကြောင်းများကို ကြော်ငြာရပြီး ကွန်ထရိုက်များရေးကာ သမ္မာအာဇီဝကျစွာ လုပ်ကိုင်ခဲ့သည်။ အရှင်သရဏသည် လူ့ဘဝတွင် အောင်မြင်သော စီးပွားရေးကို ပိုင်ဆိုင်ခဲ့သည်။ ဖခင်၏ လစာထက် (၄) ဆရှာနိုင်ခဲ့ပြီး ချမ်းသာကြွယ်ဝစွာနေထိုင်နိုင်ခဲ့သည်။ အရှင်သရဏသည် လူဝတ်ကြောင် ဘဝမှာ ချမ်းသာမှုကို သုံးသပ်ပြီး၊ မမြဲတဲ့သဘောတရားကို ဆင်ခြင်ပြီး ရဟန်းဝတ်ပြီး လောဘ ဒေါသ မောဟမှ လွတ်ကင်းသွားချင်စိတ်များ တဖန်ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ကြောင့် လူဝတ်ကြောင်ဘဝမှာတွင် စီးပွားရေး၊ မိသားစု၊ သူငယ်ချင်း၊ ဘာသာစကား၊ ရိုးရာဓလေ့၊ အဆိုတော်အဖြစ်ရထားတဲ့ ကျော်ကြားမှု၊ သဘောကျတဲ့ အလုပ် (ဝါသနာ)မျိုးစုံ၊ ချမ်းသာမှု အားလုံးကို အပြီးစွန့်လွှတ်ပြီး သီရိလင်္ကာနိုင်ငံမှာ ရဟန်းဝတ်ဖို့ ဆုံးဖြတ်ခဲ့ပါသည်။ သီရိလင်္ကာဘာသာစကားကိုလည်း စတင်လေ့လာခဲ့သည်။ လူ့ဘောင်တွင် ကျန်ရှိနေသော အစွဲများ၊ လုပ်ရပ်များ ၊ တာဝန်များကို ဥပဒေနှင့် အညီ

ဆောင်ရွက်ခဲ့သည်။ ကြွေးမတင်စေရန် ကောင်းစွာဆောင်ရွက်ခဲ့သည်။ ဖခင်ထံတွင် ရဟန်းဝတ်ရန် ခွင့်ပြုချက်ကို တောင်းခံခဲ့ပြီး ခွင့်ပြုချက်လက်မှတ်ရရှိခဲ့သည်။ ထို့နောက် ထိမ်းမြားရန် စေ့စပ်ကြောင်းလမ်းထားသော ချစ်သူ၊ ဖခင်၊ မိသားစု၊ အလုပ်အကိုင် များကို စွန့်လွှတ်ခဲ့ပြီး (၃)လအတွင်း ထွက်ခွာရန်ပြင်ဆင်ခဲ့သည်။ သီရိလင်္ကာတွင် မြေပိုင်ရှင်ဖြစ်သော ချက်ခ်နိုင်ငံသားတစ်ယောက်၏ အကူအညီဖြင့် ၂၀၀၈ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၄ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ သီရိလင်္ကာနိုင်ငံ၊ ကန္ဒြပဗောဒကျောင်း၊ အရှင်ပေမသိရိအမည်ရှိသော သီရိလင်္ကာဆရာတော်ကြီး ထံတွင် ကိုရင်အဖြစ်ကို မေလ (၅)ရက်နေ့တွင် ဝတ်ခဲ့သည်။ ဆရာတော်ကြီး အရှင်ပေမသိရိသည် မဟာစည်ဆရာတော် နှင့် ရွှေတောင်ကုန်းဆရာတော် အရှင်ပဏ္ဍိတတို့၏ တပည့်ဖြစ်ခဲ့သည်။

အရှင်သရဏသည် အရှင်ပေမသိရိဆီမှာ ဝင်လေထွက်လေ (အာနာပါန) ကမ္မဋ္ဌာန်း နှင့် မေတ္တာကမ္မဋ္ဌာန်းကို အသေးစိတ် လေ့လာပြီးလျှင် "သီရိလင်္ကာနိုင်ငံမှာ တက္ကသိုလ်ဘွဲ့ရအောင် ကြိုးစားပါမည်"ဟု ဖခင်ကို ကတိပေးထားသည့်အတိုင်း ၂၀၀၉ခုနှစ်၊ ၁ လပိုင်းတွင် တက္ကသိုလ်မှ စာကျက်နိုင်အောင် ဟောမာဂမတရားရိပ်သာသို့ ပြောင်းရွှေ့ခဲ့သည်။ သီရိလင်္ကာ ဗုဒ္ဓဘာသာတက္ကသိုလ် ဟောမာဂမမှာ ကိုရင်သရဏအဖြစ် (၃) နှစ် ဗုဒ္ဓဘာသာ၊ ပါဠိဘာသာစကား နှင့် ဘာသာရေး ဆိုတဲ့ အဓိကဘာသာရပ် ၃ ရပ်ကို (၂) နှစ် သီရိလင်္ကာဘာသာ (သီဟဠ)လိုလေ့လာခဲ့ပြီး တတိယနှစ်မှာ အင်္ဂလိပ်လို လေ့လာခဲ့ပါသည်။ 'ဇာတရူပရဇတပဋိဂ္ဂဟနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ' ဆိုတဲ့ ပိုက်ဆံကို မကိုင်ရခြင်း သိက္ခာပုဒ်ကို တစ်ခါမှ မကျူးလွန်ခဲ့ပါ၊ ဆယ်ပါးသီလမှာ တခြား သိက္ခာပုဒ်တွေကို ဆရာတော်တွေဆီမှ လေ့လာထားတဲ့အတိုင်း အတင်းအကြပ် လိုက်နာခဲ့ပါသည်။ ကပ္ပိယလည်း မရှိဘဲ၊ ပစ္စည်းလေးပါး ဒကာ ဒကာမလည်း အနီးအနား မရှိဘဲ တက္ကသိုလ်ကို နေ့တိုင်း သွားခဲ့ရပါတယ်၊ ဝိနည်းကို မဆောင်သော ရဟန်းများနှင့် အတူတကွ နေရသော်လည်း မိမိ သီလကို မချိုးဖောက်ဘဲ စောင့်ထိန်းခဲ့ပါသည်။ မြန်မာရဟန်း တစ်ပါးထံမှ ပိုက်ဆံကိုင်ရန် အဆုံးအမကို နားထောင်ခဲ့ရသော်လည်း ပိုက်ဆံမကိုင်ဘဲ စောင့်ထိန်းခဲ့သည်။ အရှင်သရဏသည် တက္ကသိုလ်တက်ခဲ့စဉ် (၃)နှစ်တွင် မေတ္တာကမ္မဋ္ဌာန်းကို နေ့တိုင်း အားထုတ်ခဲ့ပါသည်။ နေ့တိုင်း၊ နေ့တိုင်း (၅)နာရီ၊ (၇)နာရီ၊ (၈)နာရီ ကြာမြင့်သည် အထိ အားထုတ်လေ့ ရှိပါသည်။ တက္ကသိုလ်တက်ခဲ့စဉ် အဓိက ဗမာရဟန်း၊ မွန်ရဟန်း အဖွဲ့များနှင့် ရင်းနှီးခဲ့ပြီး မြန်မာရဟန်းများကို အင်္ဂလိပ်စာ အကောင်းဆုံးနားလည်အောင်၊ အကောင်းဆုံးပြောတတ်အောင် အပတ်တိုင်း သင်ကြားပေးခဲ့ပါသည်။ မြန်မာရဟန်းများနှင့်လည်း တရားဆွေးနွေးခွင့် ရခဲ့ပါသည်။ မြန်မာရဟန်းတော်များ သီရိလင်္ကာတွင် တက္ကသိုလ်တက်လျှင် အင်္ဂလိပ်လိုလေ့လာရတာခက်ခဲသည်ကို သိရှိခဲ့သောကြောင့် တက္ကသိုလ်စာမေးပွဲတိုင်းတွင် အောင်မြင်နိုင်ရန် တက္ကသိုလ်မှ မှတ်သားထားသော အင်္ဂလိပ် မှတ်စုများကို အလွယ်တကူ ကျက်နိုင်အောင်၊ နားလည်နိုင်အောင်၊ စာမေးပွဲမှာ အောင်မြင်နိုင်အောင် နာရီ ရာနဲ့ချီပြီး ကြိုးစားပြီး ပြင်ထားကူညီပေးခဲ့ပါသည်။ မြန်မာရဟန်းတော်များကိုလည်း ချမ်းချမ်းသာသာသီတင်းသုံးနိုင်ရန် သီရိလင်္ကာကျောင်းမှ ဆရာတော်နှင့် တိုင်ပင်ကာ စီစဉ်ပေးခဲ့သည်။ လိုလေသေး မရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ကိုရင်သရဏ၏ အကူညီ မျိုးစုံကြောင့် စာမေးပွဲ အောင်မြင်ခဲ့သော မြန်မာရဟန်းတော်များ၏ များစွာကျေးဇူးတင်ခြင်းကို ခံခဲ့ရသည်။

မြန်မာရဟန်းတော်တွေရဲ့ သီလ၊ အကျင့်၊ ဗဟုသုတကို တွေ့မြင်ပြီး အလွန် ဝမ်းသာခဲ့ရသည်။ "မြန်မာနိုင်ငံမှာ ရဟန္တာများအများကြီး ရှိမှာပါ၊ သူတို့ဆီမှာ အားထုတ်ရင် လိုရာဆန္ဒဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ မှ ကင်းလွတ်သွားခြင်းကို အောင်မြင်လိမ့်မယ်' ဟု ကြားရသည့်အတွက် သီရိလင်္ကာတွင် ဆက်မနေတော့ဘဲ တရားကျင့်ကြံအားထုတ်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် တက္ကသိုလ်နောက်ဆုံး တတိယနှစ်တွင် စာမေးပွဲအတွက်စာပေလေ့လာခြင်း၊ သီဟိုဠ်ဘာသာစကားဖြင့် မကြာခဏတရားဟောခြင်းတို့ဖြင့် မအားသည့် ကြားကပင် မြန်မာစကားကို တတ်ကျွမ်းအောင် လေ့လာခဲ့ပါသည်။ တက္ကသိုလ်တွင် B.Aဘွဲ့ ရပြီးတဲ့နောက် မှတ်စုရေးသား လေ့လာထားသော မြန်မာစကားလုံးများကို မြန်မာ-အင်္ဂလိပ်-ချက်ခ် အဘိဓာန် (စာမျက်နှာပေါင်း ၁၀၀၀ ကျော်) အဖြစ် ကွန်ပျူတာမှာ စာစီပြီး ထုတ်ဝေခဲ့ပါသည်။ အရှင်သရဏ၏ မြန်မာ-အင်္ဂလိပ်-ချက်ခ် အဘိဓာန်ကို ချက်ခ်သမ္မတနိုင်ငံရဲ့ အမျိုးသားစာကြည့်တိုက်၊ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သုတေသနစာကြည့်တိုက်တွင်လည်း တွေ့နိုင်ပါသည်။

ကိုရင်သရဏသည် ပိုင်ဆိုင်သမျှ ကွန်ပျူတာ၊ ဖုန်းနှင့် တခြား ပစ္စည်းဥစ္စာများအားလုံးကို တက္ကသိုလ်တက်နေသော မြန်မာရဟန်းတော်တစ်ပါးကို စွန့်လွှတ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် မြန်မာဒကာမတစ်ယောက်နှင့် သီရိလင်္ကာမှ အလှူရှင်များ၏ အကူအညီဖြင့် ၂၀၁၂ ဇွန်လ ၁၂ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ထွက်ခွာလာခဲ့သည်။ ထိုင်းနိုင်ငံမှ (၇)ရက်အကြာ ၂၀၁၂ ဇွန်လ (၁၉) ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။မြန်မာနိုင်ငံကို ရောက်သည့်နေ့မှ စပြီး မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ကုန်းတလဘောင်ကျေးရွာ၊ ရွှေဥမင်တောရမှာ သီတင်းသုံးခဲ့ပါသည်။ ၂၀၁၂ ဇွန်လ ၃၀ ရက်နေ့ မနက် ၇.၄၅ တွင် ပိဋကတစ်ပုံဆောင် အရှင်ပညာဝံသက ဥပဇ္ဈာယ်အနေနဲ့ ကိုရင်သရဏကို အရှင်သရဏဘွဲ့ဖြင့် ရဟန်းဝတ်ပေးခဲ့ပါသည်။ အရှင်သရဏသည် ရဟန်းဝတ်တဲ့ အချိန်မှ စ၍ သိက္ခာပုဒ် အသေးကလေးတောင်မှ မကျူးလွန်အောင် စောင့်ထိန်းကျင့်ကြံ နေထိုင်ခဲ့ပါသည်။ ကျောင်းပိုင်ဆရာတော်ဖြစ်သည့် ပိဋကတ် (၃)ပုံဆောင် ယောဆရာတော်ဘုရားကြီးထံတွင် အခွင့်ရပြီး အရှင်ပညာဝံသ၏ အဆုံးအမနှင့် အညီ ရွှေဥမင်တောရတွင် (၅)ဝါတိုင်တိုင် သီတင်းသုံးခဲ့သည်။ အရှင် တေဇနိယထံမှ စိတ္တာနုပဿနာကမ္မဋ္ဌာန်းကို လေ့လာပြီး သမထနှင့် ဝိပဿနာကို နေ့တိုင်း အချိန်များစွာ အားထုတ်ခဲ့ပြီး မြန်မာလိုလည်း အတတ်နိုင်ဆုံး လေ့လာခဲ့ပါသည်။ ရွှေဥမင်တောရတွင် (၃)နှစ်ကြာပြီးနောက် ဆရာတော်အရှင်တေဇနိယမှ အရှင်သရဏအား တပည့်များကို တရားပြခွင့် ပြုခဲ့ပါသည်။ ထို့နောက် အရှင်သရဏသည် ဝိနည်းပိဋကမှ ပါရာဇိကပါဠိ တစ်ကျမ်းလုံး၊ ပါစိတ်ပါဠိမှ တစ်ဝက်လောက်လည်း အလွတ်ကျက်ထားပြီး အရှင်သီလာစာရထံတွင်လည်း အနည်းငယ် စာပြန်ထားပါသည်။ အရှင်သရဏက ပါတိမောက်ကျမ်း၊ မဟာသတိပဋ္ဌာနသုတ်၊ ရဋ္ဌပါလသုတ်၊ အနတ္တလက္ခဏသုတ် စသည့် သုတ်များ၊ အဋ္ဌကထာ၊ ဋီကာတွင်လည်း များစွာသော ပါဠိစာများကို အလွတ်ကျက်ထားပါသည်။ ပဋ္ဌာန်းကျမ်းကိုလည်း ၅ ကြိမ် ဖတ်ထားပါသည်၊ ပါဠိလို နှင့် အင်္ဂလိပ်လို၊ သက်ဆိုင်တဲ့ အဋ္ဌကထာ၊ ဋီကာ နှင့် ဘာသာဋီကာလည်း ဖတ်ခဲ့ပါသည်။ ရွှေဥမင်တောရတွင် ပဉ္စမဖြစ်ခင် နောက်ဆုံးနှစ်မှာ မြန်မာ-အင်္ဂလိပ်-ချက်ခ် အဘိဓာန်ကို ပိုပြည့်စုံအောင် ဆက်လက်ပြီး ရေးသားပြုစုခဲ့ပါသည်။ ၂၀၁၇ ဇန်နဝါရီလတွင် လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ၊ စခန်းကြီးကျောင်းတိုက်မှ ဆရာတော်အရှင်ဥတ္တရသာရမှ စခန်းကြီးတောရတွင် သာသနာပြုအလုပ်များနှင့် တရားပြအလုပ်ကို လုပ်ရန်ဖိတ်ခေါ်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်အရှင်ပညာဝံသနှင့်အတူ အခြေအနေစုံစမ်းခဲ့သည်။ အရှင်ပညာဝံသသည် စခန်းကြီးတောရဆရာတော်နှင့်ခင်မင်သည့် အတွက် လိုအပ်သည်များပြည့်စုံနိုင်သည်ဟု ယုံကြည်၍ အရှင်သရဏအား ရွှေဥမင်တောရမှ ၂၀၁၇ ဖေဖော်ဝါရီလ ၁ ရက်နေ့တွေင် ထွက်ခွာခွင့် ပေးတော်မူခဲ့ပါသည်။ အရှင်သရဏသည် စခန်းကြီးတောရတွင် မြန်မာ-အင်္ဂလိပ်-ချက်ခ် အဘိဓာန်ဆက်လက်ပြီး ပြုစုကာ ဗီဒီယို ကမ္မဋ္ဌာန်း သင်တန်းဖြင့် ပြည်တွင်းပြည်ပ သာသနာပြု ပရောဂျက် လုပ်ဖို့ အစီအစဉ်လုပ်ထားပါသည်။ "ဗီဒီယိုဖြင့် သင်ယူလေ့လာ ကမ္မဋ္ဌာန်းနည်း အဖြာဖြာ"ဆိုတဲ့ ဗီဒီယို ကမ္မဋ္ဌာန်း သင်တန်းမှာ သမထ အာရုံ ၄၀၊ ဝိပဿနာ အားထုတ်နည်း ၂၂ မျိုး၊ အားလုံးပေါင်း ကမ္မဋ္ဌာန်း ၆၂ မျိုးလုံးကို ဗီဒီယို ပို့ချချက် ၂၅ ချက်ဖြင့် ရှင်းပြဖို့ စီစဉ်ထားပါသည်။ အင်္ဂလိပ်လို စာမူကြမ်းရေးထားပြီး မြန်မာလို ဘာသာပြန်ထားပါသည်။ မြန်မာဘာသာပြန်ကို မြန်မာဆရာတော်ကြီးတွေဆီမှာ ပြထားပြီး ဆရာတော်ကြီးများရဲ့ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များနဲ့အညီ မူရင်းစာလည်း ပြင်ထားပြီး ဗီဒီယိုကင်မရာရှေ့မှာ အင်္ဂလိပ်လို ဖတ်ထားပါသည်။ ရည်ရွယ်ချက်မှာ ထေရဝါဒစာပေမှာ တွေ့သမျှ တရားအားထုတ်တဲ့ နည်းလမ်း၊ အကြံဉာဏ်၊ ရှင်းပြချက်၊ ဥပမာ၊ ဇာတ်လမ်းများ စုစည်းပြီး မြန်မာနိုင်ငံမှာ ကမ္မဋ္ဌာန်းဆရာတော်နှင့် ပိဋကဆောင်ဆရာတော်များရဲ့ တရားများ၊ အတွေ့အကြုံများနဲ့အတူ စနစ်တကျ၊ ပရိသတ် အလွယ်တကူ နားလည်နိုင်အောင်၊ အားထုတ်နိုင်အောင်၊ ယုံမှားသံသယမဖြစ်သွားအောင်၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ အပြည့်အစုံ ဖြောင့်ဖြောင့်မတ်မတ် ကျင့်ကြံနိုင်အောင် ရေးထားဖို့ ကြိုးစားနေပါသည်။ အဲ့ဒီအချိန်မှာပဲ ဖေ့ဘုတ်တွင် မိမိ ဒကာ ဒကာမ ပရိသတ်ကို တရားလည်း ဟောပါသည်။ အမေးများကိုလည်း ဖြေထားပါသည်။ အရှင်သရဏသည် မိမိ စာတွေအားလုံးကိုလည်း ပိဋက ၂ ပုံဆောင် ဆရာတော်တစ်ပါးဆီမှာလည်း အမြဲ သွား ပြလေ့ရှိပါသည်။ ဆရာတော်ရဲ့ ပြင်ဆင်ချက်များ အဆုံးအမများကို သေသေချာချာ နားထောင်ပြီး အကိုးအကားရရင်လည်း သေချာ ပြန်ဖတ်ရှု လေ့လာပါသည်။ ယခုအချိန်အထိ ရေးထားပြီးတဲ့ ဗီဒီယိုကမ္မဋ္ဌာန်းသင်တန်းမှာ ကမ္မဋ္ဌာန်းပို့ချချက် ၂၅ ချက်မှ ပထမ ပို့ချချက် ၇ ချက်ကိုလည်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များဆီမှာလည်း ပြထားခဲ့ပါသည်။ အမှား တစ်ချက်မှ မရှိပါဘူးလို့လည်း ကြားသိခဲ့ရပါသည်။ အရှင်သရဏသည် တရားဟောရင်၊ တရားပြရင်၊ တရားစာရေးရင် ဆရာတော်များဆီမှ

ပြင်ဆင်ချက်များကို အမြဲ မျှော်လင့်ပါသည်၊ အမြဲ တောင်းထားပါသည်၊ အမြဲ လိုက်နာခဲ့ပါသည်။ အရှင်သရဏရဲ့ တရားဓမ္မနားလည်သဘောပေါက်မှု၊ အသိပညာမှာ ဆရာတော်များ ကူညီပေးရင် အရှင်သရဏရဲ့ နိဗ္ဗာန်လမ်းမှာ ကြီးမားတဲ့ အကူအညီ ဖြစ်ပါလိမ့်မည်။ အရှင်သရဏကလည်း ဒီ ဗီဒီယိုကမ္မဋ္ဌာန်းသင်တန်းကို အပြည့်အစုံ ပြုစုထားပြီးလျှင် အပြင်သာသနာပြုအလုပ်များကို ခေတ္တရပ်တန့်ထားပြီး ကြည်ညိုလေးစားတဲ့ ဆရာတော်တစ်ပါးဆီမှာ သေသေချာချာ ဆက်လက်ပြီး တရားအားထုတ်ဖို့ ရည်ရွယ်ထားပါသည်ဟု သိရပါသည်။